မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် ၂၀၂၆ ခုနှစ်၊ မေ ၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၁၈၄)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေသြဇာများ လုံလောက်စွာရရှိရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြေသြဇာများရရှိရေး အစည်းအဝေးကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ဓာတ်မြေသြဇာများလုံလောက်စွာရရှိရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပါသည်။

ထာဝရလှပသောအပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ခြင်ပွေးတောက်ပစေပါသည်။

Dentist Recommended

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၃

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale- ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

မြန်မာ့အလင်း

တွင်တွင်ကျယ်ကျယ် အသုံးပြုကြရမည့် ရထားဖြင့်ကုန်စည်ပို့ဆောင်ရေးစနစ်

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ၏ အကျိုးဆက်ဖြစ်သော စက်သုံးဆီရှားပါးမှုပြဿနာက ကမ္ဘာ့အရပ်ရပ်ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်လျက်ရှိရာ မိမိတို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ အဆိုပါအခက်အခဲကိုကျော်လွှားနိုင်ရေးအတွက် စက်သုံးဆီသုံးစွဲမှု လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နေသော်လည်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းက တစ်ဖက်တွင် ကုန်စည်စီးဆင်းမှုအပေါ် သက်ရောက်မှုဖြစ်ပေါ်ပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်သည်။

၎င်းအခြေအနေနှင့်ပတ်သက်၍ "စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုများအလိုက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှု မရှိစေရေးအတွက် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့် ပို့ဆောင်မှုများကို အဓိကထား အသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လိုကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်သုံးဆီများ ဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေသြဇာများရရှိရေး အစည်းအဝေးအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ရထားဖြင့် ကုန်စည်ပို့ဆောင်ခြင်းသည် အလယ်အလတ်ခရီးနှင့် ခရီးရှည်ပို့ဆောင်ရေးတို့တွင် ကုန်ကျစရိတ်သက်သာစေပြီး ကုန်တင်ယာဉ်များနှင့်နှိုင်းယှဉ်ပါက ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ၇၅ ရာခိုင်နှုန်းအထိ လျှော့နည်းခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေသည်။ ခရီးစဉ်တစ်ခုတည်းမှာပင် ကုန်တန်ချိန်ထောင်နှင့်ချီ၍ သယ်ယူပို့ဆောင်ပေးနိုင်ပြီး ကုန်တင်မော်တော်ယာဉ်များတွင် ကြုံတွေ့ရသည့် ယာဉ်ကြောပိတ်ဆို့မှု၊ ရာသီဥတုအနှောင့်အယှက်များကြောင့် ထိခိုက်မှုတို့ နည်းပါးသည်။ ထို့အပြင် သတ်မှတ်အချိန်ဇယားဖြင့် ပို့ဆောင်ပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

လက်ရှိအခြေအနေတွင် ကုန်ပစ္စည်းများကို ကုန်တင်မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရာ၌ စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ စိုက်ခင်း၊ စိုက်ကွင်း၊ ကုန်စည်ဒိုင် စသည်တို့မှ ဈေးကွက်များသို့ တိုက်ရိုက်ပို့ဆောင်ပေးနေခြင်းဖြစ်သည်။ ကားဖြင့် ကုန်စည်တင်ပို့ခြင်း၏ အဓိက အားသာချက်မှာလည်း ကုန်ချိန်ပမာဏအကန့်အသတ်ဖြင့်သာရှိသော ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက်ပို့ဆောင်ပေးနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် ယခုကဲ့သို့ စက်သုံးဆီရှားပါးမှု အခက်အခဲဖြစ်ပေါ်ချိန်တွင်မူ မြင့်မားလာသည့် စက်သုံးဆီဈေးနှုန်းကြောင့် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်မြင့်တက်ကာ ကုန်ဈေးနှုန်းများမြင့်တက်လာမှု လျှော့နည်းသက်သာစေရန်အတွက် ခရီးဝေးပို့ဆောင်မှုများတွင် ကုန်ရထားများကို အသုံးပြုရန်လိုအပ်လာသည်။ အချို့ခရီးစဉ်များအတွက် ကုန်ရထားနှင့် ကုန်တင်ကားတို့ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် လိုရာခရီးသို့အရောက် ပို့ဆောင်နိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်ခြင်း၊ ဘူတာများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ခေတ်မီရထားတွဲဆိုင်းများ ဝယ်ယူဖြည့်တင်းခြင်း၊ စက်ခေါင်းအသစ်များ တည်ဆောက်ခြင်းတို့ဖြင့် ရထားတစ်ခေတ် ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိပြီး လူစီးရထားများနှင့် ကုန်ရထားများ၏ အမြန်နှုန်းကိုမြှင့်တင်၍ ခုတ်မောင်းချိန်ကို လျှော့ချလျက်ရှိသည်ဟု သိရသည်။ အလယ်အလတ်ခရီးစဉ်များနှင့် ခရီးရှည်ပို့ဆောင်ရေးတို့အတွက် ကုန်ရထားများ၏ ဝန်ဆောင်မှုများကို ခေတ်နှင့်အညီမြှင့်တင်ခြင်း၊ ကုန်ရထားများ ပိုမိုတိုးချဲ့ပြေးဆွဲပေးခြင်းတို့ဖြင့် ကုန်စည်ပို့ဆောင်မှု လျင်မြန်ချောမွေ့ရေးနှင့် သယ်ယူပို့ဆောင်မှုစရိတ် လျှော့နည်းသက်သာရေးတို့ကို အထောက်အကူပြုစေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကရထားလမ်းပိုင်းကြီး တစ်ခုဖြစ်သော ရန်ကုန်- နေပြည်တော်- မန္တလေးလမ်းပိုင်းတွင် ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့်အတူ DEMU လူစီးအမြန်ရထားတွဲသစ်များ ခုတ်မောင်းပြေးဆွဲခြင်း၊ အွန်လိုင်းလက်မှတ်စနစ် ကျင့်သုံးလာနိုင်ခြင်းတို့ကြောင့် ရထားစီးခရီးသည်များ ပြန်လည်များပြားလာခဲ့ရာ ရထားဝန်ဆောင်မှုများ ကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားပြည်သူတို့၏ အားထားမှုကို ပြန်လည်ရရှိလာခြင်းဖြစ်သည်။ ကုန်စည်များပို့ဆောင်ရေးအတွက်လည်း အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အချိန်မီရောက်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အားသာချက်များရှိနေသည့် ရထားပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာနတွင် ဆက်လက်ကျင်းပရာ စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၂၆၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၀၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

စစ်တက္ကသိုလ် အမှတ်စဉ်(၂၉) ၏ (၃၈) နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၁ ရက်က နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် တစ်ရက်စာ အာဟာရဒါနနှင့် ငွေပဒေသာပင် စိုက်ထူခြင်းအတွက် ငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

၁-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

အများအားဖြင့် သာယာမည်

နေပြည်တော် ဧပြီ ၁

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၄ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၅၀	၄၅၆၅	၄၅၃၀	၄၄၆၅	၄၅၇၀	၄၅၈၅	၄၆၀၅	၄၅၂၀	၄၅၀၅	၄၈၀၅	၄၅၄၀	၄၈၂၅	၄၆၁၀	၄၅၇၅	၄၆၀၀	၄၈၅၅
95 Ron	၄၉၇၅	၅၀၉၀	၅၀၅၅	၄၉၉၀	၅၀၉၅	၅၁၁၀	၅၁၃၀	၅၀၆၅	၄၅၆၀	၅၃၄၀	၅၀၆၅	၅၁၉၅	၅၁၃၅	၅၁၀၀	၅၁၂၅	၅၃၈၀
HSD (500 ppm)	၅၄၅၀	၅၅၆၅	၅၅၃၀	၅၄၆၅	၅၅၇၀	၅၅၈၅	၅၆၀၅	၅၅၂၀	-	၅၈၀၅	၅၅၄၀	၆၃၉၅	၅၆၁၀	၅၅၇၅	၅၆၀၀	၅၈၅၅
HSD (50 ppm)	၆၀၈၅	၆၂၀၀	၆၁၆၅	၆၁၀၀	၆၂၀၅	၆၂၂၀	၆၂၄၀	၆၁၅၅	၄၈၃၀	၆၄၅၀	၆၁၇၅	၆၄၂၀	၆၂၄၅	၆၂၁၀	၆၂၃၀	၆၄၉၀
HSD (10 ppm)	၆၀၈၅	၆၂၀၀	၆၁၆၅	၆၁၀၀	၆၂၀၅	၆၂၂၀	၆၂၄၀	၆၁၅၅	-	၆၄၅၀	၆၁၇၅	၆၄၂၀	၆၂၄၅	၆၂၁၀	၆၂၃၀	၆၄၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၃၄	၄၃၅၂
95 Ron	၄၇၄၂	၄၈၇၀
HSD (500 ppm)	၅၂၀၂	၅၃၃၆
HSD (50 ppm)	၅၈၁၆	၅၉၆၂
HSD (10 ppm)	၅၈၁၆	၅၉၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စိုက်ပျိုးရေးတောင်သူများအတွက် လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားရန်လို၊ နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသလို တောင်သူများဘက်ကလည်း အတတ်နိုင်ဆုံး ကုန်ထုတ်လုပ်မှုများပြုလုပ်ကြစေလို

❖ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် ရေနှင့်ဓာတ်မြေဩဇာများလိုအပ်သကဲ့သို့လယ်ထွန်စက်များနှင့် ရေတင်စက်များအတွက်လည်း စက်သုံးဆီများလိုအပ်မည်ဖြစ်၊ ထို့ကြောင့် ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လို**

❖ **အလားတူ လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများလျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကိုပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို**

❖ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့်ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှ လျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ တက်ရောက်ကြသည်။

စက်သုံးဆီသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချလာနိုင်ပြီဖြစ်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလက်ရှိအချိန်၌ ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီများရှားပါးမှုကို ကမ္ဘာနှင့်အဝန်းတွင် ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းစက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကိုနေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချလာနိုင်ပြီဖြစ်ကြောင်း။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုများအလိုက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရေးအတွက် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့်ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လိုကြောင်း။

အခွန်အခများ လျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်

အလားတူ ယခုကာလအတွင်း စက်သုံးဆီဈေးနှုန်းများမြင့်တက်လာသည်နှင့်အတူ ဒေါ်လာဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ဒေါ်လာဈေးများမြင့်တက်လာခြင်းမှာ စက်သုံးဆီများအပါအဝင် အခြားပြည်ပသွင်းကုန်တန်ဖိုးများ မြင့်မားလာခြင်းကြောင့် ငွေကြေးပမာဏပိုမိုသုံးစွဲရပြီး ဒေါ်လာဈေးများ မြင့်မားလာခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းကုန်ဈေးနှုန်းများ မြင့်တက်လာမှုမရှိစေရေးအတွက် ဝင်ငွေနည်းပါးသည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် အဓိကထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်သုံးဆီဈေးများ မြင့်တက်မှုမရှိစေရေးအတွက် ပြည်ပမှစက်သုံးဆီများတင်သွင်းရာတွင် ကောက်ခံလျက်ရှိသည့် အခွန်အခများ လျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများ တင်သွင်းရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသော ဒီဇယ်ဆီများအတွက် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း။

စက်သုံးဆီများကို လျှော့ချနိုင်ရန်အတွက် EV ကားတင်သွင်းမှုများကို ဆောင်ရွက်

ယခုကာလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် လေအေးပေးစက်များကို ပိုမိုအသုံးပြုလာကြကြောင်း၊ ထိုသို့အသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုမှုများ များပြားလာသကဲ့သို့ မီးစက်များအသုံးပြု၍လည်း ဆောင်ရွက်ကြကြောင်း၊ လျှပ်စစ်ဓာတ်အားကို ချွေတာရန်လိုအပ်သကဲ့သို့ မီးစက်သုံးဆီသုံးစွဲခြင်းများနှင့် မော်တော်ယာဉ်အသုံးပြုမှုများကိုလည်း လျှော့ချသွားရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ပါက တစ်ဖက်မှလည်း နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီများကို လျှော့ချနိုင်ရန်အတွက် EV ကားတင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံး ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

ရထားပို့ဆောင်ရေးစနစ်သည် ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်များ သက်သာစေခြင်းကြောင့် ကုန်တင်ရထားများ တိုးချဲ့ပြေးဆွဲသွားရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရထားဖြင့် ကုန်စည်များသယ်ယူပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေး တာဝန်ရှိသူများမှ ဆောင်ရွက်သွားကြရန်လိုကြောင်း။

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကိုဆောင်ရွက်

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် ရေနှင့်ဓာတ်မြေဩဇာများလိုအပ်သကဲ့သို့ လယ်ထွန်စက်များနှင့် ရေတင်စက်များအတွက်လည်း စက်သုံးဆီများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှ လျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေး

ပြည်တွင်းစားသုံးဆီလိုအပ်ချက်အရ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်နှင့် နှမ်းတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများအတွက် လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသလို တောင်သူများဘက်ကလည်း အတတ်နိုင်ဆုံး ကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်ပနိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း

ထို့နောက် တက်ရောက်လာကြသူများက ပြည်တွင်းစက်သုံးဆီရှားပါးမှုအခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှစက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် မီးရထား၊ သင်္ဘောနှင့် ဘတ်စ်ကားယာဉ်များအတွက် လိုအပ်သည့် စက်မောင်းဆီများအား လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **ယခုကာလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် လေအေးပေးစက်များကို ပိုမိုအသုံးပြုလာကြ၊ ထိုသို့အသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုမှုများ များပြားလာသကဲ့သို့ မီးစက်များအသုံးပြု၍လည်း ဆောင်ရွက်ကြ၊ လျှပ်စစ်ဓာတ်အားကို ချွေတာရန်လိုအပ်သကဲ့သို့ မီးစက်သုံးဆီသုံးစွဲခြင်းများနှင့် မော်တော်ယာဉ်အသုံးပြုမှုများကိုလည်း လျှော့ချသွားရန်လို၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ပါက တစ်ဖက်မှလည်း နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချသွားနိုင်မည်ဖြစ်၊ စက်သုံးဆီများကို လျှော့ချနိုင်ရန်အတွက် EV ကားတင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံး ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်**

မင်းဘူးမြို့၌ အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁

၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် ရှိခဲ့သည့်အတွက် ကမ္ဘာ့အပူဆုံးမြို့များစာရင်းတွင် အဆင့်(၁) ဝင်ရောက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့၏ နေအိမ်များတွင် နေထိုင်ရန်ခက်ခဲသဖြင့် အပူဒဏ်တိမ်းရှောင်ရန်လိုအပ်သူများ အပူရှောင်စခန်း၌ လာရောက်နားခိုနိုင်ရေး အပူရှောင်စခန်းဖွင့်လှစ်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မင်းဘူးခရိုင် မင်းဘူးမြို့ အပူရှောင်စခန်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် သာသနာ့ဗိမာန်(အောက်ထပ်)တို့၌ အပူရှောင်စခန်းဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ထိခိုက်လွယ် အုပ်စုဝင်များအပါအဝင် ပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းပြောကြားကာ ကျယ်ကျယ် ပြန့်ပြန့်အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတက ပေးအပ်သော အလှူငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် ၉၀၈၀၀၀၀ တန်ဖိုးရှိ ဓာတ်ဆားနှင့် အချိုရည်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့်အချိုရည်၊ သောက်ရေသန့်၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများထံ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ အပူရှောင်စခန်းဖွင့်လှစ်မည့် ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းရှိ နားနေဆောင်၊ ထမင်းစားခန်း၊ သန့်စင်ခန်း၊ ယာယီဆေးခန်းတို့ကိုလည်းကောင်း၊ စကုမြို့ အောင်သုခကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနှင့် မင်းဘူးမြို့ သာသနာ့ဗိမာန်တို့တွင် အပူရှောင်စခန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စကုမြို့ ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) လက္ခဏာများဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် မကြီးကန်ကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့သွားရောက်၍ အပူရှောင်လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များအား ရှင်းလင်းပြောကြားကာ ထောက်ပံ့ငွေ၊ သောက်ရေသန့်နှင့် အချိုရည်များ ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် မကွေးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့နှင့် နတ်မောက်မြို့တို့တွင် အပူရှောင်စခန်း လေးခုကို မတ် ၁၆ ရက်မှ စတင်ကာဖွင့်လှစ်ထားရှိပြီး အပူရှောင်လာရောက်ကြသူများအား သဘာဝဘေးအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် အပူဒဏ်နှင့်စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်များအား အသိပညာပေးခြင်းနှင့် လိုအပ်သည်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား (၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး
အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁)ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန်အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ယင်းအခွန်ကင်းလွတ်ခွင့်သည် ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့်ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် ပြည်တွင်းရှိ စက်သုံးဆီဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွင် အများဆုံး အဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်၊ လျော့ကျစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ် လျော့ကျစေနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်းတည်ငြိမ် လျော့ကျစေရေးအတွက် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၄။ အဆိုပါအခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) များအတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများအတွက် IMEI Code တစ်ခုသည် Unpaid ဖြစ်နေပါက အခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်းနှင့် Paid ဖြစ်စေရန် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ် အသိပေးကြေညာခြင်း

၁။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန် ပေးဆောင်ရန်မလိုဘဲ CEIR စနစ်ရှိ ခွင့်ပြုစာရင်း (Whitelist) တွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး မိုဘိုင်းလက်ကိုင်ဖုန်း (Handset) ၏ SIM Slot အားလုံးတွင် SIM Card (MPT၊ ATOM၊ U9၊ Mytel) များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ 1SIM + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) နှင့် SIM1, SIM2 + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များရှိ SIM Slot များတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အနည်းဆုံး SIM Card တစ်ခု ထည့်သွင်းအသုံးပြုထားပြီးဖြစ်ပါက ၎င်း Handset များသည် ခွင့်ပြုစာရင်း (Whitelist) တွင် စာရင်းထည့်သွင်းပြီး ဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ပိုင်းတွင် အဆိုပါခွင့်ပြုစာရင်း (Whitelist) ဝင် Handset များ၏ ကျန် SIM Slot များ၌ Physical SIM Card (သို့မဟုတ်) eSIM ထပ်မံထည့်သွင်း အသုံးပြုပါက IMEI Code သည် Unpaid အဖြစ် ဖော်ပြနေမည်ဖြစ်ပြီး အခွန်ပေးဆောင်ရန် တောင်းဆိုသည့်အချက်အလက်များ ဖော်ပြမည်ဖြစ်သော်လည်း ၎င်း Handset များအတွက် အခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ပါ။

၄။ ထိုသို့ ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများတွင် IMEI Code တစ်ခုသည် Paid ဖြစ်နေသော်လည်း အခြား IMEI Code တစ်ခုသည် Unpaid ဖြစ်နေခြင်း (သို့မဟုတ်) eSIM ထည့်သွင်းအသုံးပြုချိန် IMEI Code သည် Unpaid ဖြစ်နေခြင်းတို့အတွက် CEIR စနစ်၏ အင်တာနက်စာမျက်နှာဖြစ်သော https://ceir.gov.mm တွင် Check Status ကိုနှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပြီး အဆိုပါ Unpaid ဖြစ်နေသည့် IMEI Code နှင့် လိုအပ်သည့်အချက်အလက်များ ထည့်သွင်းပေးပို့ပါက CEIR စနစ်မှ ယင်း IMEI Code အား Paid အဖြစ် အလိုအလျောက်သတ်မှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက CEIR Call Center ၁၅၇၇ နှင့် ၁၇၅၅ သို့လည်းကောင်း၊ တွေ့ဆုံမေးမြန်းလိုပါက CEIR စနစ်ပိုင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ (CEIR One Stop Service – OSS) (အကောက်ခွန်ဦးစီးဌာန၊ အမှတ် ၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့) နှင့် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး – ၅၊ လမ်း ၆၀၊ ၁၀၁ (A) လမ်းနှင့် ၁၀၂ လမ်းကြား၊ မြို့သစ် (၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့) တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme– PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

“အဂတိလိုက်စားမှုတားဆီးဖို့ “ 1111 ” ကိုဖြေကြားစို့”
“ဝန်ဆောင်မှုများကောင်းစေရေး “ 1111 ” ကိုဖြေကြားပေး”

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ရေလှောင်တမံများ၏ ကျေးဇူး

မြင့်မောင်စိုး

တစ်လောက ကျွန်တော့်သတင်းထောက်ကြီးတစ်ယောက်ရဲ့ ဖိတ်ကြားစီစဉ်မှုအရ ရန်ကုန်-မန္တလေး အမြန်လမ်း ၁၁၅ မိုင်အနီး ပဲခူးရိုးမပေါ်ရှိ ဖြူးချောင်းရေလှောင်တမံသို့ သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ရန်ကုန်နဲ့ နေပြည်တော် အကြိမ်ကြိမ်အခါခါသွားရောက်ခဲ့စဉ် အမြန်လမ်းမပေါ်ကနေ ဒီရေလှောင်တမံကို လှမ်းမြင်ရပေမယ့် လေ့လာခွင့်မကြုံခဲ့ပါ။ အခုတစ်ခါမှာတော့ ဖြူးချောင်းရေလှောင်တမံအကြောင်းသာမက နိုင်ငံတစ်ဝန်းက ရေလှောင်တမံကြီးတွေရဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနေတာတွေ၊ စိုက်ပျိုးရေပေးဝေနေတာတွေကို အသေးစိတ် သိရှိလေ့လာခွင့်ရခဲ့ပါတယ်။

ဖြူးချောင်းတမံ ရေလွှဲဆည်ကို တွေ့ရစဉ်။

လှပခံ့ညားတဲ့တာတမံ

ကျွန်တော်တို့လေ့လာရေးအဖွဲ့ ယာဉ်တန်းဟာ ၁၁၅ မိုင် အမြန်လမ်းမှ အနောက်ဘက် ပဲခူးရိုးမ တောင်ကြောပေါ်တက်သွားပြီး နာရီဝက်ခန့်အကြာမှာတော့ ဖြူးချောင်းတမံကို ရောက်ပါတယ်။ ကြည်စိမ်းနေတဲ့ရေပြင်၊ လှပခံ့ညားတဲ့တာတမံ၊ ညို့ညို့ဆိုင်းဆိုင်းရှိနေတဲ့ တောတောင်လျှိုမြောင်တွေကြောင့် စိတ်ကြည်နူးဖွယ်ကောင်းလှပါတယ်။

ရေလှောင်တမံအနီးမှာတော့ ရေလှောင်တမံနဲ့ပတ်သက်တဲ့ ကြေးပြားကမ္ပည်းမော်ကွန်း စိုက်ထူထားတာကို တွေ့ရပါတယ်။ မော်ကွန်းမှာရေးထားတဲ့စာတန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ခဲ့ပြီး (၈-၁-၂၀၁၅) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်လို့ ရေးသားထားတာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ရေလှောင်တမံနဲ့ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေကိုလည်း မေးမြန်းခဲ့ပါသေးတယ်။

“ကျွန်တော်တို့ ဒီရေလှောင်တမံကြီးကနေ ၂၀၁၄ ခုနှစ်နောက်ပိုင်းကစတင်ပြီး ဓာတ်အားထုတ်လုပ်ပါတယ်။ ဒီဇိုင်းအရဆိုရင်တော့ တစ်နှစ်ကို ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင်ပါတယ်။ မနှစ်ကတော့ ဆည်ရေဝင်ရောက်မှုအားကောင်းတာကြောင့် လျာထားချက်ကို ကျော်လွန်ပြီး ၂၀၉ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပါတယ်”လို့ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးမင်းသူအောင်က ဆိုပါတယ်။ ဘက်စုံရေလှောင်တမံစီမံကိန်းတွေဟာ မဟာဓာတ်အားလိုင်း(National Grid) ထဲကို နေ့စဉ် ဓာတ်အားတွေထုတ်လုပ်ပို့လွှတ်နေသလို စိုက်ပျိုးရေကိုလည်း ဖြန့်ဖြူးပေးနေပါတယ်။

“ကျွန်တော်တို့ ဖြူးချောင်းရေလှောင်တမံက ဒီနှစ်နွေရာသီမှာတော့ နွေစပါးအတွက် စိုက်ပျိုးရေပေးဝေနေပါတယ်။ စုစုပေါင်း နွေစပါးစိုက်ဧက ၁၈၀၀၀ အတွက်ဖြစ်ပါတယ်။ စီမံကိန်းရဲ့ သုံးပုံတစ်ပုံပါ။ စီမံကိန်းအားလုံးပြီးသွားရင်တော့ ဧက ၉၀၀၀၀ အထိ နွေစပါးရေပေးဝေနိုင်မှာဖြစ်ပါတယ်” လို့ ဖြူးချောင်းရေလှောင်တမံစီမံကိန်းတည်ဆောက်ရေး (၁)လက်ထောက်ညွှန်ကြားရေးမှူး ဦးတလန်ကြားက ဆိုပါတယ်။

စိုက်ပျိုးရေးအတွက်လည်း အားထားရ

မြန်မာနိုင်ငံမှာ စပါးစိုက်ဖို့ စိုက်ပျိုးရေလည်း ပေးနိုင်၊ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်ပေးနိုင်တဲ့ နိုင်ငံပိုင်ဘက်စုံရေလှောင်တမံစီမံကိန်း ၂၅ ခု ရှိကြောင်း လေ့လာမှတ်သားရပါတယ်။ အများအားဖြင့်တော့ ဖြူးချောင်းရေလှောင်တမံအပါအဝင် ဘီလူးချောင်း၊ ကင်းတား၊ ဆည်တော်ကြီး၊ ဇော်ဂျီ၊ ပေါင်းလောင်း၊ သဖန်းဆိပ်နဲ့ ရဲရွာ အစရှိတဲ့ ရေလှောင်တမံစီမံကိန်းတွေဖြစ်ပါတယ်။ ဒီလို စီမံကိန်းတွေဟာ လျှစ်စစ်ဓာတ်အားလည်း ထုတ်လုပ်ပေးနိုင်သလို စိုက်ပျိုးရေးအတွက်လည်း အားထားရတဲ့ စီမံကိန်းကြီးတွေဖြစ်ပါတယ်။

ဒီလိုဘက်စုံရေလှောင်တမံ စီမံကိန်းကြီးတွေဟာ အခြားအခြားသော ရေလှောင်တမံစီမံကိန်းတွေနဲ့မတူပါဘူး။ ပထမဦးစွာ ရေလှောင်တမံမှ ထုတ်လွှတ်လိုက်တဲ့ရေကို အသုံးပြုပြီး တာဘိုင်စက်တွေကို လည်ပတ်စေကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်တာဖြစ်ပါတယ်။ တစ်ဖန် ရေအားလျှပ်စစ်ထုတ်လုပ်ရာမှ စီးဆင်းသွားတဲ့ရေတွေကို အောက်ဘက်မှာ ရေလွှဲဆည်တစ်ခုတည်ဆောက်ပြီး စိုက်ပျိုးရေအဖြစ် အသုံးချတာဖြစ်ပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေလှောင်တမံ ၂၅ ခုအနက်က စီမံကိန်းအများစုကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။ ဒီလိုဘက်စုံရေလှောင်တမံစီမံကိန်းတွေ အကောင်အထည်ဖော်တည်ဆောက်နိုင်ဖို့ဆိုတာ ငွေကြေးအရင်းအနှီးရှိရုံနဲ့မဖြစ်ပါဘူး။ မြေမျက်နှာသွင်ပြင် ပထဝီအနေအထားက အဓိကအကျဆုံးလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဆည်တမံအများစုဟာ တောင်ကုန်းတောင်တန်းတွေနဲ့ ချိုင့်ဝှမ်းတွေကို အခြေခံတည်ဆောက်ထားတာပါ။ မြန်မာနိုင်ငံမှာ အရှေ့ဘက်မှာဆိုရင် ရှမ်းကုန်းမြင့်၊ အနောက်ဘက်မှာဆိုရင် အနောက်ရိုးမ၊ အလယ်ပိုင်းမှာဆို အလယ်ရိုးမခေါ် ပဲခူးရိုးမ စတာတွေရှိပါတယ်။ ဆည်တမံအများစုဟာ တောင်ရိုးတောင်စွယ်တွေကို တာတမံအဖြစ်ဖြတ်တားကာ တည်ဆောက်ခဲ့တာပါ။

ဒါဟာ မြန်မာနိုင်ငံအတွက် သဘာဝကပေးတဲ့ လက်ဆောင်လို့ဆိုရမှာပါ။ ဒီလိုတောင်ရိုးတောင်စွယ်တွေ၊ တောင်တန်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ မရှိဘူးဆိုရင် ဘက်စုံရေလှောင်တမံစီမံကိန်းတွေ တည်ဆောက်နိုင်ဖို့မဖြစ်နိုင်ပါဘူး။ မြန်မာနိုင်ငံမှာ အဓိကရေချိုအရင်းအမြစ်တွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နဲ့ စစ်တောင်းမြစ်ကြီးတွေဆိုတာ ရှိပါတယ်။ ဒီမြစ်ကြီးတွေကလည်း တောင်တန်းတွေကို မြစ်ဖျားခံပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ တကယ်လို့သာ ဆည်တမံတွေမရှိဘူး၊ မတည်ဆောက်ခဲ့ဘူးဆိုရင် မိုးအခါမှာ ရေကြီးရေလျှံမှုတွေ ပိုမိုပြီးဖြစ်ပွားနိုင်သလို နွေအခါမှာလည်း ရေပြဿနာကြုံတွေ့ရဖို့ ရှိပါတယ်။

ဆည်တမံအစုအဖွဲ့တွေ ပေါ်ပေါက်လာ

မြန်မာနိုင်ငံမှာ ယခင်က ဆည်တမံဆိုတာ နည်းပါတယ်။ အခုအချိန်မှာတော့ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းတွေမှာ ဆည်တမံအစုအဖွဲ့တွေ ပေါ်ပေါက်လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကိုကြည့်မယ်ဆိုရင်လည်း ဟိုတုန်းက မိုးကောင်းရေသောက်မျှသာဖြစ်ပါတယ်။ မိုးကောင်းရေသောက်ဆိုတာ မိုးကောင်းတဲ့နှစ်မှာ စိုက်ရေးပျိုးရေးကောင်းပါတယ်။ မိုးခေါင်တဲ့နှစ်မှာတော့ စိုက်ပျိုးရေးမကောင်းပါဘူး။ စိုက်ပျိုးရေးမကောင်းရင် အခြားစီးပွားရေးတွေလည်း မကောင်းနိုင်ပါဘူး။ စီးပွားရေးမကောင်းရင် လူတစ်ဦးချင်း ဝင်ငွေကျဆင်းနိုင်သလို တိုင်းပြည်ရဲ့ ဂျီဒီပီလည်းကျဆင်းနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံမို့ပါ။

ဟိုတုန်းကဆိုရင် အောက်ပြည်အောက်ရွာသွားတဲ့ အညာသူ အညာသားတွေဟာ အပြန်မှာ ဘာလက်ဆောင်မှမပါရင်နေ ဆန်လေးတစ်စိတ်၊ တစ်ခွဲလောက် အညာဆန်ရထားကြီးတွေစီးပြီး သယ်ကြရရှာတယ်။ အညာမှာ ဆန်ရှားတာကိုး။ ခုတော့ ဒါတွေဟာ ပြောင်းပြန်ဖြစ်သွားပြီ။ ဆည်တမံတွေရဲ့ကျေးဇူးကြောင့် အညာကဆန်တွေ ပြည်ပနိုင်ငံအထိ ပို့နေပြီ။ စပါးပေါ်ချိန်ဆို အညာက ဆန်ကားကြီးတွေ ရန်ကုန်ဆိပ်ကမ်းတွေကတစ်ဆင့် ပို့နေတာ အများအပြားတွေ့ရပါတယ်။ အညာသားတွေဟာ စပါးအတွက်မိုးမကောင်းလို့ စပါးအောင်ရေမရဖို့ ပူစရာမလိုတော့ပါဘူး။

စာမျက်နှာ ၇ သို့

စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများတည်နေရာပြပုံ



- ❖ မြန်မာနိုင်ငံမှာ ယခင်က ဆည်တမံဆိုတာ နည်းပါတယ်။ အခုအချိန်မှာတော့ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းတွေမှာ ဆည်တမံအစုအဖွဲ့တွေ ပေါ်ပေါက်လာ
- ❖ ဒီလိုဘဏ္ဍာနှစ်တွေအလိုက် ဆည်ရေသောက်စနစ်တွေဖြစ်တဲ့ မြောင်းလက်တံတွေ၊ ရေသိုလှောင်မှုစနစ်တွေ ကောင်းလာတာနဲ့အမျှ မြန်မာပြည်တစ်နံတစ်လျားမှာ ရွှေရောင်ဝင်းတဲ့ စပါးခင်းတွေဟာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာဦးမှာဖြစ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အလှူငွေများ လှူဒါန်း

တောင်ကြီး ဧပြီ ၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၌ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် သောတုဇနကျောင်းဆောင်ကြီး အသစ်ပြန်လည် တည်ဆောက်ရေး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဓနိတ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းရှိ သောတုဇနကျောင်းဆောင်ကြီး ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက် အေးငြိမ်းသီတာလမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးနှင့်ရေနုတ်မြောင်းများကိုလည်း ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မှာကြား၍ လမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အသက်(၁)နှစ်ခွဲအောက် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ဒေးဒရဲ ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက သက်ဆိုင်ရာ ကာကွယ်ဆေးထိုးစုရပ်များတွင် ထိုးနှံပေးလျက်ရှိသည်။

ဒေးဒရဲမြို့နယ် အတွင်းရှိ မွေးကင်းစမှ အသက်(၁) နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ဆေးထိုး၊ဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန် အဆုတ်ရောင်ရောဂါကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး၊ ဝက်သက်၊ဂျိုက်သိုးကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဝန်ထမ်းများက စနစ်တကျမှတ်တမ်းရေးသွင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အေဇာလင်း

တီးတိန်မြို့၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ တောင်သူအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

တီးတိန် ဧပြီ ၁

ချင်းပြည်နယ် တီးတိန်မြို့၌ ချင်းပြည်နယ်အစိုးရအဖွဲ့ MSME ဒေသအေဂျင်စီမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ တောင်သူ ဦးကပ်ရှန်းထွန်းအား အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ MSME ဒေသအေဂျင်စီမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လိုင်ဘုန်ကျေးရွာတောင်သူ ဦးကပ်ရှန်းထွန်းအား အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်းအား ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီလွှာဇီဝခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

* * *

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။

စာမျက်နှာ ၆ မှ

ဒါပေမယ့်လည်း အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ဆည်တမံတွေကို တည်ဆောက်နိုင်ခဲ့ပေမယ့် စိုက်ပျိုးရေပေးဝေဖို့ မြောင်းလက်တံတွေ၊ တူးမြောင်းတွေ၊ ရေသောက်စနစ်တွေ ဆက်လက်တည်ဆောက်ဖို့ကျန်ပါသေးတယ်။

မြောင်းလက်တံတွေတည်ဆောက်

ဖြူးချောင်းရေလှောင်တမံ စီမံကိန်းတစ်ခုတည်းကိုကြည့်မယ်ဆိုရင် အခုမှ ဆည်ရေသောက်ဧက ၁၈၀၀၀ လောက် မြောင်းလက်တံတွေတည်ဆောက်ပြီးနေတာဖြစ်ပါတယ်။ ဆည်ရေသောက်ဧက ၉၀၀၀၀ အထိ ဖော်ဆောင်ဖို့ကျန်ရှိနေပါသေးတယ်။ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ဆည်ရေသောက်ဧက ၉၀၀၀၀ အတွက် လျာထားဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဖြူးချောင်းတမံလို ဘဏ္ဍာနှစ်အလိုက် ဖော်ဆောင်မယ့် ဆည်ရေသောက်စနစ်တွေ ကျန်ရှိနေဦးမယ်လို့ ခန့်မှန်းရပါတယ်။

ဒီလို ဘဏ္ဍာနှစ်တွေအလိုက် ဆည်ရေသောက်စနစ်တွေဖြစ်တဲ့ မြောင်းလက်တံတွေ၊ ရေသိုလှောင်မှုစနစ်တွေ ကောင်းလာတာနဲ့အမျှ မြန်မာပြည်တစ်နံတစ်လျားမှာ ရွှေရောင်ဝင်းတဲ့စပါးခင်းတွေဟာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာဦးမှာဖြစ်ပါတယ်။ နွေအခါမှာ ရေရှာစရာမလိုဘဲ စိုက်ဧကတွေ တိုးလာဖို့ရှိပါတယ်။ အခုအခါမှာ စပါးအပြင် နွေနှမ်းတွေတောင် စိုက်နေကြပါပြီ။ ကဲ... စပါးက ဆန်၊ နှမ်းက ဆီ ဘာပူစရာလိုသေးလဲ။ ဩော်. ဒါကလည်း ဆည်တမံများ အမြော်အမြင်ရှိရှိ တည်ဆောက်ခဲ့တဲ့ကျေးဇူးပေကိုး။ ။

ဖြူးချောင်းရေလှောင်တမံကို ဤသို့ လှပခံ့ညားစွာ တွေ့ရစဉ်။

သင်္ကြန်ပွဲတော်ကာလအတွင်း စတုဒိသာမဏ္ဍပ်များအနေဖြင့် နေ့အလိုက် မြန်မာ့ရိုးရာလက်ဖက်၊ ထမနဲနှင့်သင်္ကြန်နှင့် လိုက်ဖက်သည့် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်တို့ကို ဧည့်ခံကျွေးမွေးမည်

မြစ်ကြီးနား ဧပြီ ၁

၂၀၂၆ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်) တွင် ကျရောက်တော့မည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်တွင် လည်းကောင်း၊ မင်းရပ်ပြည်သူ့ရင်ပြင်တွင် လည်းကောင်း၊ ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်းနေရာတွင် လည်းကောင်း လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်ကို ဆွမ်ပရာဘွမ်လမ်းမကြီး ကျောက်စိမ်းတုံးမီးပွိုင့်မှ မီးရထားသံလမ်းကူးနေရာအထိ လမ်းအရှည်ပေ ၉၅၀ ပေါ်တွင် ဗဟိုမဏ္ဍပ်ကို (၁၂ ပေ x ၃၆ ပေ x ၄ ပေ) ဖြင့် တည်ဆောက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း အဆိုပါ ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း စတုဒိသာမဏ္ဍပ်များ၊ မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာသနပ်ခါး (နံ့သာလိမ်းခြယ်) မဏ္ဍပ်များနှင့်လောင်းလှေများဖြင့် ရေပက်ကစားနိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးက ပြောသည်။

ထို့အပြင် ဗဟိုမဏ္ဍပ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်နှင့် တက္ကသိုလ်များမှ ယိမ်းအဖွဲ့ ၁၈ ဖွဲ့တို့က ကပြဖျော်ဖြေယှဉ်ပြိုင်သွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း စတုဒိသာမဏ္ဍပ်များအနေဖြင့် နေ့အလိုက် မြန်မာ့ရိုးရာလက်ဖက်၊ ထမနဲနှင့် သင်္ကြန်နှင့်လိုက်ဖက်သည့် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ် စသည်တို့ကို နံနက်ပိုင်းတွင် လူဦးရေ ၆၀၀၀၊ ညနေပိုင်းတွင် လူဦးရေ ၆၀၀၀ ဖြင့် တစ်ရက်လျှင် လူဦးရေ ၁၂၀၀၀ စာ ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်ရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဂါလန် ၅၀၀၀၀ ဆံ့ရေလှောင်ကန်နှစ်ကန်တူးဖော်ဆောင်ရွက်ထားပြီး ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း ရေပန်းများ၊ ပုသိမ်ထီး၊ ရောင်စုံထီးအလှများ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်သင်္ကြန်ပွဲတော်ကို တစ်မူထူးခြားပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွမ်ပရာဘွမ်လမ်းမကြီး လမ်းလျှောက်သင်္ကြန်ပွဲတော် အပါအဝင် မြစ်ကြီးနားမြို့ မင်းရပ်ပြည်သူ့ရင်ပြင်အတွင်း၌လည်း ရောဦးပန်းခြံနှင့် မင်းရပ်ပြည်သူ့ရင်ပြင်အကြား အရှည်ပေ ၆၀၀ ရှိ ကမ်းနားလမ်းတစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စီတာပူရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ ဧရာဝတီရှုခင်းသာတွင်လည်း သဲသောင်ပြင်လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဧရာဝတီရှုခင်းသာသည် ဧရာဝတီမြစ်ဘေးတွင်ရှိသည့်အတွက် အများပြည်သူပျော်ရွှင်စွာဆင်နွှဲရာတွင် ဧရာဝတီမြစ်အတွင်း ရေကစားခြင်းနှင့် ပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရေး တာဝန်ရှိသူများက လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်၍ စည်ကားစွာကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)

(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)

(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)

(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆

(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)

(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)

(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)

(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)

(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂

(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)

(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)

(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)

(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉

(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)

(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)

(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)

(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)

(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)

(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)

(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

❖ *ကျော့ဖုံးမှ*

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ရောက်ချိန်		ပြေးဆွဲမည့်နေ့ရက်
		မှ	ထိ	ထွက်ချိန်	ရောက်ချိန်	
၁	အဆန်အထူး DEMU(စပိန်)	ရန်ကုန်	နေပြည်တော်	၀၆:၃၀	၁၂:၀၀	၁၀.၄.၂၀၂၆ ၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆
၂	အစုန်အထူး DEMU(စပိန်)	နေပြည်တော်	ရန်ကုန်	၁၂:၃၀	၁၈:၀၀	
၃	အဆန်အထူး (လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅	၁၀.၄.၂၀၂၆ ၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆
၄	အစုန်အထူး (လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀	
၅	အဆန်အထူး (လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၉:၁၅	၁၈:၀၀	၁၀.၄.၂၀၂၆
		ရန်ကုန်	မော်လမြိုင်	၀၉:၁၅	၁၈:၀၀	၁၁.၄.၂၀၂၆ ၁၂.၄.၂၀၂၆ ၁၉.၄.၂၀၂၆ ၂၀.၄.၂၀၂၆
၆	အစုန်အထူး (လေအိတ်)	မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၇:၅၅	
		မော်လမြိုင်	ရန်ကုန်	၀၉:၁၅	၁၇:၅၅	၂၂.၄.၂၀၂၆

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန် - မော်လမြိုင် - ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား ၃ ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား ၁ ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်- ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် အွန်လိုင်းမှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ၇ ရက်နှင့် ကြားဘူတာများတွက် ၃ ရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်းခြောက်တွဲနှင့် ရိုးရိုးတန်း ရှစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁) အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်၊ ရန်ကုန်-ပဲခူး -ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂)အစုန် သာစည် -မန္တလေး -သာစည် ခရီးတို RBE ရထား၊ ရန်ကုန် -ပြည်လမ်းပိုင်းတွင် အမှတ် (၇၁) အဆန်၊(၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅) အဆန်၊ (၆၆) အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ်ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁)အဆန်၊ (၆၂) အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ်ရထားများကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန် -ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား၊ သာစည် -တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂) အစုန်စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ်(၁၀၃) အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း -သာရဝေါလမ်းပိုင်း၌ အမှတ် (၁၉၅) အဆန်၊ အမှတ်(၁၉၆) အစုန်လော်ကယ်ရထား၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂)လူစီးရထားနှင့်ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂)အစုန်လူစီးရထားများအား သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး -ပေါမှု ခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့်ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရ
အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ငါး၊ ပုစွန်သားပေါက်ပွားသည့် ရာသီချိန်တွင် ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများသတ်မှတ်

မြိတ် မေ ၁

ငါး၊ ပုစွန်သားပေါက်ပွားသည့် ရာသီချိန်၌ ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များကို မေ ၁ ရက်မှ စတင်ကာ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများကို ငါးလုပ်ငန်းဦးစီးဌာနက ငါးမဖမ်းရကာလ သုံးလ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

"ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရ ကာလ၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ရတဲ့ အဓိကအကြောင်းရင်းက ငါးမျိုးပြုန်းတီးမှုကာကွယ်ဖို့၊ ငါးသယံဇာတတွေ တိုးပွားလာဖို့အတွက် ရည်ရွယ်ပြီးတော့ ငါးတွေပေါက်ပွားနိုင်တဲ့ ရာသီမှာ ထိန်းသိမ်းတဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာက သုတေသနရလဒ်တွေအပေါ်မှာ အခြေခံပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေးငါးဖမ်း ရေယာဉ်များအားလုံးကို ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဧရိယာများအတွင်း မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်ထားရှိပြီး မတ် ၃၁ ရက် နောက်ဆုံးထား၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားထားခဲ့သည်။

ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရ ကာလ စတင်သတ်မှတ်ချက်များကို ညွှန်ကြားချက် ထုတ်ပြန်ချက်များ ဆောင်ရွက်ခြင်းအပေါ် ငါးဖမ်းလှေများအနေဖြင့် ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပြီး အကယ်၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လာခြင်းမရှိပါက စည်းကမ်းပျက်သည့်ငါးဖမ်းလှေများကို ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငါးဖမ်းလှေများကို VMS ထိန်းချုပ်ရေးစင်တာမှ စောင့်ကြည့်လျက်ရှိရာ ယနေ့တွင် ပင်လယ်ပြင်၌ ငါးဖမ်းလှေများ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

ဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်လာသည့် ငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

ငါးမဖမ်းရ ကာလ၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်းသည် ငါးများပေါက်ပွားနိုင်သည့် ရာသီတွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရန် သုတေသနရလဒ်များဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တနင်္သာရီ ကမ်းရိုးတန်းပင်လယ်ရေပြင်၏ ငါးနှင့်ငါးနေထိုင်ကျက်စားသည့် ရေအောက်ဇီဝဗေဒအခြေအနေများနှင့် မြန်မာ့ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စွာ တည်ရှိစေရန် သုတေသနပညာရှင်များဖြင့် သုတေသနလုပ်ငန်းကို ဖေဖော်ဝါရီတွင် မီတာ ၂၀ အောက် တနင်္သာရီကမ်းရိုးတန်းရေပြင်၌ ရက်ပေါင်း ၃၀ ကြာ ငါးသယံဇာတ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် မြိတ်ခရိုင်အခြေပြု ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့် ငါးဖမ်းရေယာဉ် ၁၁၈၄ စင်းရှိကာ ရေလုပ်သားဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ငါးသယံဇာတများကို ယခင်က မိရိုးဖလာ ဖမ်းဆီးရောင်းချခြင်း၊ စားသောက်ခြင်းများသာရှိခဲ့ပြီး ယနေ့အချိန်အခါတွင် ခေတ်စနစ်များ ပြောင်းလဲလာ၍ နည်းပညာများတိုးတက်လာကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ဖမ်းဆီးကြကာ ပြည်တွင်းပြည်ပသို့တင်ပို့ရောင်းချခြင်း၊ ရေပေါ်ရေအောက် ငါးသယံဇာတများ မွေးမြူထုတ်လုပ်ခြင်း၊ အအေးခန်းစက်ရုံများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဆောင်ရွက်လာကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

မြစ်သားမြို့နယ်၌ ရေဆေးပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

မြစ်သား မေ ၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိအသုံးချစေရန်နှင့် ရေဆေးပန်းချီရေးဆွဲတတ်စေရန် ရည်ရွယ်၍ ရေဆေးပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ရေဆေးပန်းချီ ရေးဆွဲနည်း သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ရေဆေးပန်းချီစနစ်တကျ ရေးဆွဲတတ်စေရန်၊ ငယ်စဉ်ကတည်းက တီထွင်ဖန်တီးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ သင်ကြားပြသပေးမည့် အတတ်ပညာများကို စိတ်ဝင်စားစွာ လေ့လာသင်ယူသွားကြပြီး ပန်းချီပညာရှင်များ ဖြစ်အောင် ကြိုးစားသွားကြရန် လိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ရေဆေးပန်းချီ ရေးဆွဲနည်း သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်းက ရေဆေးပန်းချီရေးဆွဲနည်း ဘာသာရပ်များဖြစ်သော ရေဆေးပန်းချီ၊ ဆီဆေးပန်းချီ၊ အခရိုင်းလစ်ပန်းချီ ရေးဆွဲရာတွင် စုတ်တံကိုင်တွယ် အသုံးပြုတတ်စေရန်၊ ဆေးရောင်များ ရောစပ်အသုံးပြုတတ်စေရန်၊ ရှုခင်းပုံများ ရေးဆွဲရာတွင် အနီးအဝေး ရေးဆွဲတတ်စေရန်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ရေဆေးပန်းချီရေးဆွဲနည်းသင်တန်းကို ကျောင်းသား ကျောင်းသူ ၂၀ တို့အား မေ ၁ ရက်မှ ၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

○ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရခြင်း ဖြစ်သည်။

ပွဲချိန် ၁၅ မိနစ်တွင် မွိုက်စ်ကိန်းက အီတလီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အီတလီအသင်းသည် ဘော့စနီးယားအသင်းကို မိနစ် ၄၀ အထိ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ခံစစ်ကစားသမား ဘတ်စတိုနီ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက်ပိုင်း ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရသည်။ ဘတ်စတိုနီသည် ၂၀၁၆ ခုနှစ်က ချီလီနီပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲတွင် အနီကတ်ပြခံရသည့် ပထမဆုံးအီတလီကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘော့စနီးယားအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ရရှိခဲ့ပြီး တာဗာကိုဗစ်က သွင်းယူပေးခဲ့သည်။

နာမည်ကြီး အီတလီကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ဘော့စနီးယားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်တွင် ပူးတွဲအိမ်ရှင် ကနေဒါ၊ ကာတာ၊ ဆွစ်ဇာလန်အသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ဘော့စနီးယားအသင်းသည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ ရက်တွင် ကနေဒါအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် ချက်ဖ်၊ တူကီယဲနှင့် ဆွီဒင်အသင်းတို့ ပြိုင်ဘက်ကို အနိုင်ယူပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ကစားခွင့်ရရှိခဲ့သည်။

အောင်ဇော်

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကာလိမြို့၌ ကွန်ပန်-ကွန်ခုံး အလွှတ်တန်း ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ကာလိ မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့၌ ကွန်ပန်-ကွန်ခုံး အလွှတ်တန်း ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကာလိမြို့ အမှတ်(၄)ရပ်ကွက် ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

ဦးစွာ ဗိုလ်လုပွဲအဖြစ် ကာလိ(FC)(A)အသင်းနှင့် Friend Shit (FC)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာလိ(FC)(A)အသင်းက ခြောက်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ကွန်ပန်-ကွန်ခုံး အလွှတ်တန်းဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ကြသည့်အသင်းများနှင့် ပွဲစဉ်တစ်လျှောက် နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းသုအောင်နှင့် တာဝန်ရှိသူများက ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကြည့်ရှု အားပေး

အဆိုပါ ကွန်ပန်-ကွန်ခုံး အလွှတ်တန်း ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲသို့ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ကွန်ဟိန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ကာလိမြို့အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးချစ်ပရိသတ်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

စည်သူ(ပြန်/ဆက်)

မုဒုံမြို့နယ်၌ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးပေးအပ်

မုဒုံ မေ ၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း ပါဝင်သည့် လယ်မြေများအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဟသာ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မုဒုံမြို့နယ်၌ တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဝင်/အထွက်လမ်းအဖြစ် အသုံးပြုနိုင်ရေး ချဉ်းကပ်လမ်းအူကြောင်း ဖောက်လုပ်မည့်ဧရိယာအတွင်း ပါဝင်သွားသည့် တောင်သူ ၇၈ ဦး၊ လယ်မြေဧက ၁၃၃ ဒသမ ၇၅ ဧကအတွက် မြေယာလျော်ကြေး တစ်ဧကလျှင် ငွေကျပ်သိန်း ၇၀ နှုန်း၊ သီးနှံနစ်နာကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တောင်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက မြေယာလျော်ကြေး ပေးချေနိုင်ရေးကိစ္စများနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းပြောကြားပြီး တောင်သူများထံ လက်ဝယ်အရောက် လျော်ကြေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီနှင့် အင်္ဂလိပ်စာသင်တန်းဆင်းပွဲကျင်းပ

ကန့်ဘလူ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသဒ္ဒါသင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇင်မင်းထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးက သင်တန်းတွင် သင်ကြားပို့ချပေးသည့် နည်းပြဆရာများဖြစ်သည့် ပန်းချီဆရာကြီး ဦးစိုးမြင့်ဝေနှင့် အင်္ဂလိပ်စာ ဆရာ ဦးအေးကိုကိုတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ နွေရာသီအခြေခံပန်းချီနှင့် အင်္ဂလိပ်စာသဒ္ဒါသင်တန်းသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ပြီး မတ် ၁၂ ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁ ရက်က စက်သုံးဆီအရောင်းဆိုင်များတွင် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆီဖြည့်နေစဉ်လိုက်နာရမည့်အချက်များနှင့် အရေးပေါ် မီးသတ်ဆေးဘူး အသုံးပြုနည်းများအား ရှင်းလင်းပြသပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ကျိုက်ထိုမြို့၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

ကျိုက်ထို မေ ၁

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ဆောင်ရွက်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောဖြစ်စေတတ်သော(Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မြို့မဈေးပိတ်ချိန်တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်းနှင့် ဝန်ထမ်းများ၊ ဈေးတာဝန်ခံများနှင့်အတူ မေ ၁ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးပြီး မီးဘေးသတိပေးချက်ဆော်သြစဉ်။ မြို့နယ်(ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

ကြာအင်းဆိပ်ကြီး ဧပြီ ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ပြုလုပ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီကစတင်ပြီး ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၅)ရပ်ကွက်ရှိ သာသနဗိမာန်တော်ကြီး စာဖြေဌာနနှင့် ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ဘုန်းတော်ကြီးကျောင်း စာဖြေဌာနတို့တွင် ဖြေဆိုလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း စာဖြေဌာန နှစ်ခု၌ ဖြေဆိုရန် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းတို့၌ ရဟန်းသံဃာ၊ ရှင်သာမဏေ၊ သီလရှင် ၁၇၅ ပါးတို့က စာရင်းပေးသွင်းထားပြီး ကြွရောက်ဖြေဆိုမှုမှာ ကြာအင်းဆိပ်ကြီးမြို့စာဖြေဌာနတွင် ၆၆ ပါး၊ ဘုရားသုံးဆူစာဖြေဌာနတွင် ၉၃ ပါး စုစုပေါင်း ၁၅၉ ပါး ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲအား ကြွရောက်ဖြေဆိုတော်မူကြသည့် သံဃာတော်၊ သာမဏေ၊ သီလရှင်များ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေတနာရှင်မိဘပြည်သူများက နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ဝေယျာဝစ္စများအား နေ့စဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝေါမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ) ဆက်လက်ဖြေဆို

ဝေါ ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ) တန်းများကို ယနေ့ မွန်းတည့် ၁၂ နာရီက ရွှေဘုန်းပွင့်ဓမ္မရိပ်သာ၌ ကျင်းပသည်။

စာမေးပွဲတွင် အခြေပြုမူလတန်း သာမဏေစာရင်းရှိ ၃၆ ပါး၊ ဖြေဆို ၃၄ ပါး၊ နှစ်ပါး၊ ပျက်ကွက်ခဲ့ပြီး ပထမငယ်တန်း ရဟန်း၊ သာမဏေစာရင်းရှိ ၂၅ ပါး၊ ဖြေဆို ၂၃ ပါး၊ နှစ်ပါးပျက်ကွက်ခဲ့ပြီး ပထမလတ်တန်းတွင် ရဟန်း၊ သာမဏေစာရင်းရှိ ၁၂ ပါး၊ ဖြေဆိုခြောက်ပါး၊ ခြောက်ပါးပျက်ကွက်ခဲ့ပြီး ပထမကြီးတန်းတွင် ရဟန်း၊ သာမဏေစာရင်းရှိ ခြောက်ပါး၊ ဖြေဆိုလေးပါး၊ နှစ်ပါး ပျက်ကွက်ခဲ့ပြီး စုစုပေါင်း စာရင်းရှိ ၇၉ ပါးတွင် ဖြေဆို ၆၇ ပါး၊ ဝင်ရောက်ဖြေဆိုပြီး ၁၂ ပါး ပျက်ကွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာတော်များအား ကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာနုဂ္ဂဟအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများက လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဖြူးမြို့နယ်၌ နေရောင်ခြည်သုံး ဆိုလာရေတင်စနစ်ဖြင့် နွေစပါးနှင့် စိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေပေးဝေ

ဖြူး ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ နွေစပါးနှင့် စိုက်ပျိုးသီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် မင်းကံရိုးကျေးရွာရေိယာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ရေပေးဝေစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ်အတွင်း နွေစပါး ၁၇၃၈၉ ဧကအတွက် ဆည်ရေ၊ အင်းအိုင်ရေ၊ ချောင်းပိတ်မြောင်းပိတ်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး ပိုမိုရေပေးဝေစိုက်ပျိုးနိုင်ရေးအတွက် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀၀ ခန့်ထွက်ရှိပြီး တစ်နေ့လျှင် ၆ နာရီခန့် ရေဖြန့်ဝေပေးနိုင်သည့် ဆိုလာရေတင်စနစ်ဖြင့် ရေပေးဝေပြီး နွေစပါး ငါးဧကနှင့် ပိုက်ဆံလျှော် ငါးဧကခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်
(ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဆင်ပေါင်ဝဲ ဧပြီ ၁

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းထံမှ သိရသည်။

မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယိမ်းအကများကို ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ ယိမ်းအဖွဲ့အသီးသီးက သက်ဆိုင်ရာ နေရာများတွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကိုဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃)ရပ်ကွက်၌ ဆောက်လုပ်သွားမည်ဖြစ်သည့်အပြင် လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ရှေ့တွင် တစ်ဆက်တည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ပင်လောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံစစ်တုရင်သင်တန်းဖွင့်လှစ်

ပင်လောင်း ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံစစ်တုရင်သင်တန်း (၂/၂၀၂၆) ကို ယနေ့နံနက်ပိုင်းက စတင်သင်ကြားပေးခဲ့သည်။

စစ်တုရင်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ အခြေခံဖြစ်သည့် စစ်တုရင်အရုပ်အမည်များ၊ အရုပ်တစ်ရုပ်ချင်းစီ၏ အားသာချက်များ၊ ကစားနည်းများစသည့် စစ်တုရင်ပညာရပ်များကို သင်တန်းနည်းပြဆရာ ဦးစိုင်းရွှေဝင်းက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား ရွှေသင်္ကန်းစတင်ကပ်လှူ

ညောင်ဦး မေ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား အထွတ်စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ယနေ့နံနက် ၉ နာရီက စတင်ကပ်လှူပူဇော်ခဲ့သည်။

ဆက်ကပ်လှူဒါန်း

အလိုတော်ပြည့်ဘုရား အထွတ်စေတီရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအား အလိုတော်ပြည့် စာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိတက စတင်ကပ်လှူပူဇော်ခဲ့ပြီးနောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်အဖွဲ့ဝင်များ၊ အလိုတော်ပြည့်ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက အထွတ်စေတီလုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း စတင်ကပ်လှူသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရားအား အေဒီ ၁၁ ရာစုက ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ကာ ကျန်စစ်သားမင်းမဖြစ်မီ စစ်သူကြီး တာဝန်ထမ်းဆောင်နေချိန် ထိုအရပ်ဒေသအား သစ္စာအဓိဋ္ဌာန် အောင်မြင်ခဲ့ခြင်းကြောင့် အလိုတော်ပြည့်ဘုရား တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ်အဖြစ် မြန်မာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် မင်းဆရာသင်ကြီးဝေတုတ်သင်က ပြန်လည်ပြုပြင်မွမ်းမံထားကြောင်း အလိုတော်ပြည့်ဘုရားအဝင် ဘယ်ဘက်ရှိ နံရံဆေးရေးပန်းချီရေးထိုးထားခြင်းများအရ သိရပြီး နှစ်ကာလရှည်ကြာလာသောအခါ ချုံနွယ်၊ မြက်၊ ပေါင်းများ ထူထပ်ပေါက်ရောက်နေရာမှ အလိုတော်ပြည့်ဘုရားအား ၁၃၅၄ ခုနှစ် နတ်တော်လပြည့်နေ့တွင် ကျောက်ပန်းတောင်းမြို့၊ ညောင်ဦးမြို့ မဟာအောင်မြေ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ကမ္မဋ္ဌာနာစရိယနယ်လှည့်ဓမ္မကထိက နယ်စပ်ဒေသ သာသနာပြုဆရာတော် ဘဒ္ဒန္တအရိယဝံသမထေရ်မြတ်က တိမ်မြုပ်နေသော ရှေးဟောင်းအမွေအနှစ် အလိုတော်ပြည့်မြတ်စွာဘုရားကြီးအား ဦးဆောင်ကာ ချုံနွယ်ပိတ်ပေါင်းများအား ဆရာတော်ကြီးကိုယ်တိုင် ဦးစီးရှင်းလင်း၍ ဗုဒ္ဓဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

ရွှေကျင်မြို့၌ ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

ရွှေကျင် မေ ၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်း၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သာသနာတော် သန့်ရှင်းရေး တည်တံ့ပြန့်ပွားရေး၏ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန် ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ) တန်း စာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ရွှေကျင်မြို့နယ်တွင် ယနေ့ မွန်းတည့် ၁၂ နာရီက စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခုနစ်ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၉ ပါး၊ အခြေပြုမူလတန်း ၂၉ ပါး၊ စုစုပေါင်းအပါး ၈၀ ဖြေဆိုလျက်ရှိသည်။ စာဖြေသံဃာတော်များအား ရွှေကျင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် အမှတ် (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ပညာရာမကျောင်းတိုက်မှ မြို့နယ်သံဃနာယက အတွင်းရေးမှူး ဆရာတော် ဦးပဏ္ဍိစ ဦးဆောင်သည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ် ငါးပါးတို့က မြို့နယ်အတွင်းလှည့်လည်ပြီး ပရိတ်ကြီး ၁၁ သုတ်နှင့် အနန္တရာယိက ကမ္မဝါစာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယမန်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ဆရာတော်၊ သံဃာတော် ငါးပါးမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် ဇနီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ရေစက်ချတရားတော်နာယူခဲ့ကြပြီး ဆရာတော်များအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြင့်မြင့်ရီ

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် စွမ်းအင်ဈေးကွက် ကြာရှည်စွာထိခိုက်နိုင်ကြောင်း အီးယူသတိပေး

ဘရက်ဆဲလ် ဧပြီ ၁
လက်ရှိ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စွမ်းအင်ဈေးကွက်တွင် ကြာရှည်စွာထိခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ကော်မရှင်နာ ဒန် ဂျော်ဂန်ဆန်က မတ် ၃၁ ရက်တွင် ပြောကြားသည်။

ပဋိပက္ခများ မကြာမီပြီးဆုံးသွားလျှင်ပင် စွမ်းအင်ဈေးကွက်တွင် ထိခိုက်မှုများ ဆက်လက်ရှိနိုင်သည်ဟု ၎င်းက သတိပေးခဲ့သည်။ တုံ့ပြန်ဆောင်ရွက်မှုများကို ညှိနှိုင်းရန်အတွက် ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ဝန်ကြီးများသည် မတ် ၃၁ ရက်က ဗီဒီယိုအစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ ယခုသက်ရောက်မှုများမှာ ကာလတိုသာမဟုတ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) စွမ်းအင်ကော်မရှင်နာက သတိပေးပြောကြားသည်။

မနက်ဖြန်တွင် ငြိမ်းချမ်းရေးရရှိခဲ့မည်ဆိုလျှင်ပင် အကျိုးဆက်များ ဆက်လက်ရှိနေမည်ဟု ၎င်းကဆက်ပြောသည်။ ဒေသတွင်းစွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း အကြီးအကျယ်ပျက်စီးနေပြီဖြစ်သည်။ ပဋိပက္ခများစတင်သည့်အချိန်မှစ၍ ဥရောပသမဂ္ဂရှိ ဂတ်စ်ဈေးနှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပြီး လောင်စာဆီဈေးနှုန်းများသည်လည်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းကပြောသည်။ ထို့ပြင် ရက် ၃၀ ကြာဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် လောင်စာဆီတင်သွင်းမှု ကုန်ကျစရိတ်သည် ယူရို ၁၄ ဘီလီယံအထိ တိုးမြင့်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ဥရောပကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် စွမ်းအင်အကျပ်အတည်းကာလက လုပ်ဆောင်ခဲ့ဖူးသည့် ခြေလှမ်းများနှင့် အလားသဏ္ဌာန်တူသည့် ဈေးကွက်သက်ရောက်မှုများကို ဖြေရှင်းရန် အရေးယူဆောင်ရွက်မှုများကို ပြင်ဆင်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

NHK WORLD JAPAN

ရေနံဈေးမြင့်တက်မှုကြောင့် အင်ဒိုနီးရှား၌ တစ်ပတ်လျှင် တစ်ရက် နေအိမ်မှ အလုပ်လုပ်သည့်စနစ် ကျင့်သုံးမည်

ဂျကာတာ ဧပြီ ၁
အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း စက်သုံးဆီ သုံးစွဲမှုလျှော့ချရေးအစီအမံများကို ထုတ်ပြန်ကြေညာလိုက်ပြီး အစိုးရဝန်ထမ်းများကို သီတင်းတစ်ပတ်လျှင် တစ်ရက် နေအိမ်မှ အလုပ်လုပ်သည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အခြားသော ပြောင်းလဲမှုများကိုလည်း စတင်လုပ်ဆောင်နေကြောင်း သိရသည်။

ယခုအစီအစဉ်အရ အုပ်ချုပ်မှုပုံစံကို ဒစ်ဂျစ်တယ်လုပ်ငန်းခွင်နှင့်အညီ ညှိနှိုင်းပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ထိရောက်မြန်ဆန်သော သွားလာရေးစနစ်ဖြစ်စေရန် နှိုးဆော်ပေးမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းသုံး မော်တော်ယာဉ် အသုံးပြုမှုကို ၅၀ ရာခိုင်နှုန်းလျှော့ချပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် အသုံးပြုနိုင်ရေး တိုက်တွန်းသွားမည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး အဲလန် ဂါဟာတာတိုက ပြောသည်။

သို့သော် ယင်းအစီအစဉ်တွင် လုပ်ငန်းလည်ပတ်သည့် ယာဉ်များနှင့် လျှပ်စစ်မော်တော်ယာဉ်များ မပါဝင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။ အစိုးရ ဝန်ထမ်းများသည် လာမည့်နှစ်လအတွင်း သောကြာနေ့တိုင်း နေအိမ်မှ အလုပ်လုပ်ကြရမည်ဖြစ်ပြီး ယင်းမူဝါဒမှာ ဧပြီ ၁ ရက်မှစတင် ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံပိုင်ရေနံကုမ္ပဏီအား ထောက်ပံ့ပေးပြီး စက်သုံးဆီ ဈေးနှုန်းများကို ရေရှည်ထိန်းထားနိုင်ခဲ့သည်။ သို့သော် နိုင်ငံတကာရေနံစိမ်းဈေးနှုန်းများ ကြီးမြင့်လာမှုနှင့်အတူ အဆိုပါထောက်ပံ့မှုဆိုင်ရာ ဘဏ္ဍာရေးကုန်ကျစရိတ်မှာ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဂျပန်နိုင်ငံ၏ အဓိကလေကြောင်းလိုင်းကြီးများ ဇွန်လမှစတင်ကာ နိုင်ငံတကာခရီးစဉ် အပိုကြေးတိုးမြှင့်ကောက်ခံမည်

တိုကျို ဧပြီ ၁
ဂျပန်နိုင်ငံရှိလေကြောင်းလိုင်းကြီးနှစ်ခုသည် ဇွန်လမှ စတင်ကာ နိုင်ငံတကာလေကြောင်း ခရီးစဉ်များအတွက် လောင်စာဆီဆိုင်ရာ အပိုကြေး တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။ ရေနံစိမ်း ဈေးနှုန်းမြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် ယင်းသို့ပြုလုပ်ခြင်းဖြစ်ပြီး ဈေးနှုန်းမြင့်တက်ခြင်းကြောင့် ခရီးသွားလာမှုနှုန်း လျှော့ကျနိုင်သည်။

All Nippon Airways နှင့် Japan Airlines တို့၏ မြောက်အမေရိကနှင့် ဥရောပခရီးစဉ်များအတွက် အသွားလမ်းကြောင်း အပိုကြေးသည် ဧပြီနှင့် မေလတွင် ကောက်ခံသည့်နှုန်းနှင့် နှိုင်းယှဉ်ပါက ဇွန်လနှင့် ဇူလိုင်လတွင် ၇၂ ရာခိုင်နှုန်း ခုန်တက်သွားမည်ဖြစ်သည်။ ANA လေကြောင်းလိုင်း၏ ခရီးသည်များအတွက် အပိုကြေးမှာ ယန်း ၅၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၄၆ ဒေါ်လာ) ခန့် ကျသင့်မည်ဖြစ်ပြီး JAL လေကြောင်းလိုင်းတွင်လည်း ယန်း ၅၅၀၀၀ ပေးဆောင်ရမည် ဖြစ်သည်။ လေကြောင်းလိုင်း နှစ်ခုစလုံးသည် ဂျပန်မှ တောင်ကိုရီးယားနှင့် ရုရှားအရှေ့ဖျားဒေသသို့ ပျံသန်းသည့် လေယာဉ်ခရီးစဉ်များအတွက် လောင်စာဆီ အပိုကြေးကို ၉၇ ရာခိုင်နှုန်းအထိ မြှင့်တင်မည်ဖြစ်သည်။ လေကြောင်းလိုင်းများသည် လောင်စာဆီဈေးနှင့် ငွေလဲနှုန်း မတည်ငြိမ်မှုများကို ထိန်းညှိရန် နှစ်လတစ်ကြိမ် အပိုကြေးကောက်ခံမှုများကို ပြန်လည်သုံးသပ်လေ့ရှိသည်။

အင်န်အိတ်ချ်ကေ

အိန္ဒိယနိုင်ငံက ဂျက်လေယာဉ်လောင်စာဆီဈေးနှုန်းများ တိုးမြှင့်မည်ဖြစ်ကြောင်း ကြေညာ

နယူးဒေလီ ဧပြီ ၁
အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်းများ မြင့်တက်လာချိန်တွင် အိန္ဒိယနိုင်ငံကလည်း ဂျက်လေယာဉ် လောင်စာဆီဈေးနှုန်းများ မြင့်တက်မည်ဖြစ်ကြောင်း ဧပြီ ၁ ရက်က ကြေညာခဲ့သည်ဟု အရာရှိများက ပြောသည်။

ပြည်တွင်း လောင်စာဆီလက်လီ ရောင်းချသူများက လေယာဉ်လောင်စာဆီ တစ်ကီလိုလီတာလျှင် အိန္ဒိယရူပီး ၁၀၄၉၂၇ (အမေရိကန်ဒေါ်လာ ၁၁၂၃ ဒသမ ၇၂) အထိ တိုးမြှင့်လိုက်သည်။

ပြည်တွင်း လေကြောင်းလိုင်းများထံ လောင်စာဆီဈေးနှုန်းများ တိုးမြှင့်ကောက်ခံမှုသည် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှု၏ သက်ရောက်မှုကို တွန်းလှန်ရန် ရည်ရွယ်သည့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အံ့သြဖွယ်ကောင်းသည့် ပြုပြင်ပြောင်းလဲမှု တစ်ခုဖြစ်သည်ဟု အစိုးရက လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့် ပတ်သက်ပြီး ပြောကြားထားသည်။

ဟော်မုဇ် ရေလက်ကြားကို ပိတ်လိုက်ခြင်းကြောင့် လည်းကောင်း၊ ကမ္ဘာ့စွမ်းအင်ဈေးကွက် ကမောက်ကမ ဖြစ်သွားခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းဈေးကွက်တွင် လေယာဉ်လောင်စာဆီဈေးနှုန်းများ ဧပြီ ၁ ရက်တွင် ၁၀၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

အိန္ဒိယလေကြောင်း ဝန်ကြီး ကင်ဂျာရာပူ ရမ်မိုဟန်နိုင်ဒူက ယခုကဲ့သို့ ချဉ်းကပ်လုပ်ဆောင်မှုက ခရီးသည်များနှင့်လေကြောင်းကဏ္ဍကို အကာအကွယ်ပေးလိမ့်မည်ဟု ပြောကြားခဲ့သည်။

ဆင်ဟွာ

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများပါသည့် လှေတစ်စင်းကို ဆယ်ယူရရှိပြီး လူ ၁၈ ဦး သေဆုံးလျက်တွေ့ရှိဟု အီတလီကမ်းခြေစောင့်တပ်ဖွဲ့ပြော

ရောမ ဧပြီ ၁
အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းတွင် ဧပြီ ၁ ရက်က တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် လှေတစ်စင်းကို ဆယ်ယူရရှိပြီးနောက် အနည်းဆုံး လူ ၁၈ ဦး သေဆုံးပြီး ငါးဦးမှာ စိုးရိမ်ဖွယ်အခြေအနေတွင်ရှိကြောင်း သိရသည်။

အန်ဆာသတင်းဌာန၏ ဖော်ပြချက်အရ အီတလီကမ်းခြေစောင့်တပ်ဖွဲ့ ကင်းလှည့်ရေယာဉ်များသည် ပယ်လယ်ဂျီကျွန်းများအနီးတွင် ပျက်စီးနေသောလှေကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းလှေပေါ်မှ ရုပ်အလောင်း ၁၈ ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး သေဆုံးသူများမှာ အပူလွန်ကဲမှုကြောင့် သေဆုံးခဲ့သည်ဟု ယူဆရကြောင်း ပြည်တွင်းထုတ် လာဆီဆီလီယာ သတင်းတွင် ဖော်ပြထားသည်။

ကလေးတစ်ဦးအပါအဝင် လူငါးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိပြီး အရေးပေါ် ကုသမှုခံယူနိုင်ရန် ဒေသဆိုင်ရာ ဆေးကုသဆောင်သို့ လွှဲပြောင်းပေးခဲ့သည်။ အာဏာပိုင်များက ကယ်ဆယ်ရေးနှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

သီရိလင်္ကာက နိုင်ငံပေါင်း ၃၉ နိုင်ငံမှ ခရီးသွားများအတွက် အခမဲ့ဗီဇာခွင့်ပြုမည်

ကိုလံဘို ဧပြီ ၁
သီရိလင်္ကာနိုင်ငံသည် နိုင်ငံပေါင်း ၃၉ နိုင်ငံမှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင် ထားသူများအား ခြောက်လကြာ အခမဲ့ ခရီးသွားဗီဇာခွင့်ပြုပေးမည့် အစီအစဉ်ကို မကြာမီစတင်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ အစီအစဉ်အတွက် လိုအပ်သည့် ဥပဒေမူကြမ်းကို အစိုးရအဖွဲ့က အတည်ပြုပြီးနောက် လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ကောင်းမွန်လာစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည့် အဆိုပါ အစီအစဉ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၁ ရက်က ပြုလုပ်သည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် ကနဦး အတည်ပြုခဲ့သည်။

အဆိုပါ အစီအစဉ်အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် လာရောက်လည်ပတ်သူများအား ခရီးသွားဗီဇာများ အခမဲ့ ထုတ်ပေးသွားမည်ဖြစ် ကြောင်း အစိုးရအဖွဲ့ပြောရေး ဆိုခွင့်ရှိသူ နာလင်ဒါ ဂျာယာ တစ်ဆာက မတ် ၃၁ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆင်ဟွာ

ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပသည့် ဘားအံစာဖြေဌာနသို့ သွားရောက်ကြည့်ရှု

ဘားအံ ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကျင်းပသည့် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၉)ရပ်ကွက်ရှိ သာသနာ့ဝေစည် ဓမ္မဗိမာန်တော်ကြီး ဘားအံစာဖြေဌာန၌ မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီက စတင်ဖြေဆိုလျက်ရှိသည်။

အဆိုပါအစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဘားအံစာစစ်ဌာနသို့ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယမန့်နေ့ နေ့လယ်ပိုင်းက သွားရောက်ပြီး စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား ကြည်ညိုဖွယ် အာဟာရပြည့် အချိုရည်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ပြီး စာဖြေဌာန ကျင်းပရာ သာသနာ့ဝေစည်ဓမ္မဗိမာန်တော်ကြီး လေးထပ်ကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြေဆို

ဘားအံမြို့စာဖြေဌာနတွင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ဘားအံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများမှ စာဖြေသံဃာသီလရှင်များက ဖြေဆိုရန်စာရင်းပေးသွင်းမှုမှာ ပထမကြီးတန်းတွင် အပါး ၈၀၊ ပထမလတ်တန်းတွင် ၁၃၄ ပါး၊ ပထမငယ်တန်းတွင် ၃၃၁ ပါးနှင့် အခြေပြုမူလတန်းတွင် ၆၃၇ ပါး စုစုပေါင်း ၁၁၈၂ ပါးဖြစ်ပြီး ဖြေဆိုမှုမှာ စုစုပေါင်း ၁၀၅၁ ပါး ဖြေဆိုကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ ၁၃၈၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

လယ်ဝေး ဧပြီ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကို ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်း မဟာအတုလ အောင်ဓမ္မဗိမာန်တော်၌ ယနေ့ မွန်းတည့် ၁၂ နာရီက ဆက်လက်ကျင်းပသည်။

လယ်ဝေးမြို့နယ် ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့၌ ပထမကြီးတန်းတွင် သံဃာတော်နှင့် သီလရှင် ၃၁ ပါး၊ ပထမလတ်တန်းတွင် ၄၅ ပါးနှင့် ပထမငယ်တန်းတွင် ၈၆ ပါးနှင့် အခြေပြုမူလတန်းတွင် ၂၀၄ ပါး စုစုပေါင်း ၃၆၆ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုရာတွင် စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စာမေးပွဲကာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပင်းတယမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ပင်းတယ ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့နယ်ဓမ္မာရုံ၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သော အစိုးရပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ) အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား ဆုချီးမြှင့်သည့်စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကြပြီး ကြွရောက်လာကြသော ဓမ္မမိတ်ဆွေများက အစိုးရပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကန်ထောင့်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ချီးမြှင့်ပေးတော်မူသည်။

ထို့နောက် ပင်းတယမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းအောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကာ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲ စာအောင်သံဃာတော်များအား ပင်းတယမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပင်းတယမြို့ ဆွမ်းကွမ်းဆက်ကပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက စာအောင်ဆုလက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့သည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပင်းတယမြို့နယ် အစိုးရပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပင်းတယစာဖြေဌာနမှ စာအောင်သံဃာတော် အကြီးတန်းလေးပါး၊ အလတ်တန်းနှစ်ပါး၊ အငယ်တန်း ၁၇ ပါးနှင့် အခြေပြု ၅၆ ပါး စုစုပေါင်း သံဃာတော် ၇၉ ပါး ရှိကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

စလင်းမြို့နယ်၌ အင်္ဂလိပ်စာနှင့် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

စလင်း ဧပြီ ၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက် အခြေခံအင်္ဂလိပ်စာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၀ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပတ္တမြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က ယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းပို့ချခဲ့သော ဆရာမများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းတို့တွင် ထူးချွန်ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့များက ဆုများပေးအပ်သည်။

ထို့နောက် သင်တန်းဆရာမ ဒေါ်အေးအေးခိုင်က ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာ သင်တန်းပို့ချသင်ကြားခွင့်ရရှိသည့်အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ သင်တန်းမှ ပို့ချသင်ကြားပေးထားသည့် သင်ခန်းစာများကို အကျိုးရှိရှိအသုံးပြုစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားရာတွင် များစွာအထောက်အကူပြုသည့်အတွက် ဆက်လက်လေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။ **မောင်လွင်(စလင်း)**

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၂-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

လျှပ်စစ်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

မိုင်းယန်း မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ရပ်ကွက်နေပြည်သူများအား လျှပ်စစ်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လေ့ကျင့်သရုပ်ပြသခြင်းကို မေ ၁ ရက် နံနက် ၉ နာရီက ဝိန်းလိတ်ရပ်ကွက် ဘုရားကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မော်က မြို့နယ်ဒေသအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ချက်များ၊ အကြံပြုချက်များကို ပြည်သူများအနေဖြင့် သတိပြုလိုက်နာဆောင်ရွက်ကြရန်နှင့် လျှပ်စစ်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ စသည့်အကြောင်းအရာများဖြင့် အသိပညာပေး ရှင်းလင်းဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဆောင်ရွက်ရမည့်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများကို လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထူး

ကျုံပျော်မြို့နယ်၌ ဒီဇယ်ဆီများ တရားမဝင်သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူ

ကျုံပျော်မြို့နယ်၌ ဒီဇယ်ဆီများ တရားမဝင်သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မတ် ၃၀ ရက်က ဒီဇယ်ဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် ည ၁၁ နာရီ ၅၀ မိနစ်တွင် ကျုံပျော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် အင်းရဲလမ်းဆုံ၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သပြေကွင်းကျေးရွာဘက်မှ အင်းရဲလမ်းဆုံဘက်သို့ ဓနုဖြူမြို့နယ် ကျုံဘောကုန်းကျေးရွာနေ ဦးပြည့်ဖြိုးအောင်(၃၄)နှစ် မောင်းနှင်ပြီး ခနောင်ရိုက်ကျေးရွာ နေသူများဖြစ်သည့် ဦးဆန်းမင်းအောင် (၃၄) နှစ်နှင့် ဦးမြတ်ကိုကိုမင်း (၃၄) နှစ်တို့ လိုက်ပါလာသော YGN-8 5K/xxxx Probox မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်း၌ တရားမဝင်သယ်ဆောင်လာသော ပရီမီယံဒီဇယ်ဆီကော်ပုံး ရှစ်ပုံး စုစုပေါင်း ၅၂ ဂါလန်ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည့်ဖြိုးအောင်ပါ သုံးဦးအား ကျုံပျော်မြို့မရဲစခန်း (ပ)၁၈/၂၀၂၆၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ ၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁

အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသော ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူက လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးကို တစ်ရပ်ကွက်တည်းနေ မသီတာမိုး(ခ)ချယ်ရီက ကျိုင်းတုံမြို့ရှိ KTV ဆိုင်တွင် အလုပ်ရှိကြောင်း၊ တစ်လလျှင် ငွေကျပ်သိန်း ၃၀ ခန့်ရရှိမည်၊ လုပ်ကိုင်လိုပါက သွားရောက်မည့်နေ့တွင် လက်ကိုင်ဖုန်းဝယ်ပေးပြီး ကျိုင်းတုံမြို့သို့ရောက်သည်အထိ တာဝန်ယူပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုသဖြင့် သဘောတူခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကျိုင်းတုံမြို့သို့ သွားရောက်ရမည်ဖြစ်၍ အောင်မင်္ဂလာအဝေးပြေးကားဝင်းသို့ လိုက်ပါပို့ဆောင်ကာ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေငါးသောင်းကျပ်ပေးပြီး ကျိုင်းတုံမြို့သို့ ရောက်လျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးကာ ကားပေါ်တင်ပေး၍ ပြန်သွားခဲ့ကြောင်း။

ကျိုင်းတုံမြို့သို့ရောက်ရှိ၍ သဲအိဖြူ ကိုင်ဆောင်သည့် ဖုန်းနံပါတ်သို့ ဆက်သွယ်ခဲ့ရာ အငှားကားတစ်စီး လွှတ်ပေးထားရှိပြီး ၎င်းကားနှင့်လိုက်ခဲ့ရန်ပြောဆိုသဖြင့် လိုက်ပါခဲ့ကြောင်း၊ ၆ နာရီခန့်အကြာတွင် သဲအိဖြူနေထိုင်သည့် ပန်ဆန်းမြို့ရှိ တရုတ်စာတမ်းများရေးသားထားသည့် "ဖန်ကျွမ်းလိုင်" ဆိုသည့်ဆိုင်သို့ရောက်ရှိခဲ့ပြီး သဲအိဖြူကို တွေ့ရှိခဲ့ကြောင်း၊ သဲအိဖြူက မှတ်ပုံတင်အား သိမ်းဆည်းပြီး နောက်နေ့တွင် အမျိုးသားဖောက်သည်များနှင့် ဆက်ဆံရမည်ဟု ပြောဆိုသဖြင့် ပြည့်တန်ဆာအလုပ် မလုပ်နိုင်ကြောင်း၊ ပြန်လိုကြောင်းပြောဆိုခဲ့ရာ ပြန်လိုပါက မသီတာမိုး(ခ)ချယ်ရီကို ထုတ်ပေးထားသည့် ငွေကျပ်သိန်း ၃၀ ပြန်ပေးပါက ပြန်လို့ရကြောင်း၊ မပေးနိုင်ပါက ပြည့်တန်ဆာအလုပ်လုပ်ကိုင်ရမည်၊ ထွက်ပြေးပါက လိုက်၍သတ်ခိုင်းမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ပြည့်တန်ဆာအလုပ်အား အဓမ္မခိုင်းစေသဖြင့် လုပ်ကိုင်ခဲ့ရကြောင်း၊ သဲအိဖြူက ရရှိသည့်ငွေကို တစ်ဝက်ပေးမည်ဟု ပြောခဲ့သော်လည်း မရရှိခဲ့ကြောင်း။

ယင်းမှ ဆက်လက်မလုပ်ကိုင်လိုတော့၍ ဧည့်သည်အမျိုးသားတစ်ဦးကို အကူအညီတောင်းခံခဲ့ရာ ကျိုင်းတုံမြို့သို့ပြန်လည်ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း(ပ)၃၉/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ် ၃၀ ရက်နေ့တွင် အင်းစိန်ခရိုင်တရားရုံးမှ မသီတာမိုး(ခ)ချယ်ရီအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးမြို့၌ အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ်ရောင်းချမှု ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများနှင့်အတူ ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးနှင့် အရောင်းဆိုင်များတွင် ယာဉ်တန်းစီးမှု ပိုမိုလျော့ချနိုင်ရေးတို့အတွက် အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ်ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များဖြစ်သည့် MEC၊ Denko၊ BOC အရောင်းဆိုင်များနှင့် အခြားစက်သုံးဆီ အရောင်းဆိုင်များသို့ သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာတွင် အရောင်းဆိုင်များအနေဖြင့် ဝယ်ယူခွင့်ရှိသည့် ပမာဏများအတိုင်း ရောင်းချပေးလျက်ရှိပြီး စုံ/မ အက္ခရာခွဲခြားပြီး တစ်ပတ်လျှင်နှစ်ကြိမ် အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများ စိစစ်ရောင်းချမှုကြောင့် မေ ၁ ရက်မှစ၍ ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့လာပြီး အရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများ ပိုမိုလျော့နည်းသွားကြောင်း၊ အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီစဉ်ထားရှိကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လိုအပ်သလောက်သာ ဝယ်ယူစေလိုကြောင်း၊ မလိုအပ်ဘဲ ဆီများ သိုလှောင်ခြင်းမပြုလုပ်ရန်နှင့် ပြည်သူများကလည်း စနစ်တကျ တန်းစီပေးစေလိုကြောင်း မှာကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မေ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၄-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ဗောဇ္ဈင်္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ပြည်သူ့အကျိုးပြုရေးအားလျှပ်စစ် စီမံကိန်းများစတင်ရမည့်ဤအချိန်ပါ
၀၉:၃၀ NRC အစီအစဉ်
၀၉:၂၅ ဒါသကြိန်အဆိုအကများ
၁၀:၃၅ ကျွန်မချစ်သောကော်ဖီ
၁၁:၄၀ NEXT LEVEL
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝံဘီဓိဝတ်ဖါ'**(အပိုင်း-၂၄)
၁၃:၃၀ MRTV National News
၁၄:၀၀ လှပ်းလိုလာခေချင်တရုတ်ခရီးစဉ်(အပိုင်း-၁)
၁၅:၀၀ မျိုးဝက်တင့်ဝေဆိုကရေးတီအငွေ့
၁၆:၄၀ နေ့စဉ်ဆန်းသစ်သီပွဲခတ် "RAZOR (Coment Fales)"
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားသတင်းများ
၁၈:၃၅ ဒါသကြိန်အဆိုအကများ
၁၉:၀၀ လွှတ်တော်သတင်း
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'အလင်းပေးမယ့်ဝေယောင်းတိုင်'** (အပိုင်း-၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ လွှတ်တော်ရေးရာအဖြာဖြာ
၂၁:၁၅ ဒါသကြိန်အဆိုအကများ
၂၁:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၂၂)

mitv

07:02 Evergreen Classic: Sone Taw Myaing
07:09 Myanmar Traditional Thatched Roofs: IN-LEAF
07:27 Faith & Worship (Part-2)
07:53 Topical Topics; Avocado
08:26 Asia Updates; Chinese Pangolin
08:32 Beyond Limitations; The Power Within
08:52 Hnit Thit Mingalar
08:55 Pan War Padauk Min
09:01 Banana Handicraft Products
09:22 Artist Life: Designer May Myat Waso
09:44 Read me a Book

Me

၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(မွန်)
၀၆:၄၅ ဆိုကရေးတီးဆုရ(တစ်ဦးချင်းအက)
၀၇:၀၀ ဒါသကြိန်အဆိုအကများ
၀၇:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမြို့ပြ'** (အပိုင်း-၁၆)
၀၈:၂၀ ဝတ္တီရုပ်ပုံတေးများ
၀၈:၄၅ ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ **'ကကြီးရေ က'**
၀၉:၄၅ မြန်မာရုပ်ရှင်(ဖြူမည်း) **'ကြယ်မှာရဟတ်'**

MRTV NRC

အရှေ့ပိုးကျင် (၀၆:၀၀ မှ ၀၇:၀၀)
ဒေသ့ညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည် (အပိုင်း-၃)

ချင်း(လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)
အံ့ဖွယ်အစွမ်းထက်ချဉ်ပေါင်

ချင်း(ဇိုမီး) (၀၈:၀၀ မှ ၀၉:၀၀)
တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းလင်းခြင်း

မွန် (၀၉:၀၀ မှ ၁၁:၀၀)
လက်ဆင့်ကမ်းဝေမျှရာအငွေ့

ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
သံပုံဝေတီတော် (သျှစ်သောင်းမြောက်ပွဲ)

ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)
ကလေးငယ်များကိုဖြည့်စွက်စာကျွေးခြင်း

ဝ (၁၅:၀၀ မှ ၁၇:၀၀)
တောင်ယာထမင်းဟင်း

ကချင် (၁၇:၀၀ မှ ၁၉:၀၀)
အိမ်မက်လမ်းသို့ခရီးရှည်(ဇဝေ၊အဘွစ်ထန်၊ ဇာလင်းဆရပ်ဇာမှဒေါင်လန်ဖူးသို့)

ကယား (၁၉:၀၀ မှ ၂၁:၀၀)
မြူးကြွစေသည့် NRC (အပိုင်း-၂)

ဝကော့ကျင် (၂၁:၀၀ မှ ၂၂:၀၀)
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

အနောက်ပိုးကျင် (၂၂:၀၀ မှ ၂၃:၀၀)
ရင်ကိုအေးမြစေတဲ့မွှန်ရိုးရာသင်္ကြန်ထမင်း

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၁၅ Japanese Singles Chart
၁၈:၄၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၉:၄၅ ဖွံ့ဖြိုးလေ့လာအသေးစိတ်နည်းပညာ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ လွှတ်တော်ရေးရာအဖြာဖြာ (၃၀-၃-၂၀၂၆)
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ တိုက်ရိုက်ထုတ်လွှင့်မှု
၁၇:၀၀ လွှတ်တော်သတင်း(၂-၄-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
၀၆:၂၀ မြန်မာ့ပုလဲဆန်လိုတင်စား ပေါ်ဆန်းမွှေး
၀၇:၀၀ သုတပဒေသာစိုက်ပျိုးနည်းပညာ **'ရှသားတို့အဝ သာယာစွဲဖြိုးရေး ကျန်းမာရေးကို ဦးစားပေး'**
၀၈:၀၀ ရောဂါကင်းစင်ပြုံးပျော်ရွှင် မွေးမြူရေးတောင်သူလုပ်ငန်းခွင်
၀၉:၀၀ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ မြန်မာဇာတ်လမ်းတွဲ **'ထာဝရမေတ္တာလေး'** (အပိုင်း-၂၁၊ ၂၂)

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို
နေ့စဉ် နံနက် (၉:၀၀) နာရီမှ
ညနေပိုင်း (၅) နာရီ
(၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

တီးတိန်မြို့၌ အစေ့ထုတ်ပြောင်း(ရေဆင်း-၁၀) စပ်မျိုးများ ဒေသခံတောင်သူများထံ ပေးအပ်

တီးတိန် ဧပြီ ၁

ချင်းပြည်နယ် တီးတိန်မြို့၌ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဒေသနှင့်ကိုက်ညီသော အစေ့ထုတ်ပြောင်း(ရေဆင်း-၁၀)စပ်မျိုးများကို ဒေသခံတောင်သူများထံပေးအပ်ပွဲကို မတ် ၃၀ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုဆန်းက စိုက်ပျိုးရေးနည်းစနစ်များ ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၉အုပ်စုရှိ ကျေးရွာ ၂၃ ရွာမှတောင်သူ ၁၀၈၉ ဦးထံသို့ အစေ့ထုတ်ပြောင်း(ရေဆင်း-၁၀) စပ်မျိုး ၉၀၆၅ ကီလိုကို ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့်
ရေဆင်း-၁၀ (စပ်မျိုး) ပြောင်းမျိုးစေ့များအား ဒေသခံတောင်သူများထံသို့
ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား
တီးတိန်မြို့

ဒက္ခိဏသီရိမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြား

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိကျောင်းသား ကျောင်းသူ၊လူငယ်များအတွက် နွေရာသီကျောင်းပိတ်ကာလ မိမိဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျ လေ့လာ သင်ယူနိုင်ရေးအတွက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းများကို ကြံ့ခိုင်ရေးဘောလုံးကွင်း၊ ရန်အောင်မြင်၊ OIAC (2) ကျောင်း၊ အထက(၁၈)၊ရန်အောင်မြင်ကျောင်းများတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ်များအတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ အေရိုးဗစ် စသည့် အားကစားနည်းများကို အခြေခံသင်ကြားပေးခြင်း ဖြစ်ကြောင်း၊ အဆိုပါသင်တန်းများကို မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ

ကျောက်ဆည် ဧပြီ ၁

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမျိုးစေ့အသင်းတို့ပူးပေါင်း၍ စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းကို မတ် ၃၁ ရက်က ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေး သုတေသနခြံတွင် တောင်သူ ၅၀ ဖြင့် ကျင်းပသည်။ (ဓာတ်ပုံ)

သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မျိုးစေ့အသင်းဥက္ကဋ္ဌ ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ပေးခြင်းအတွက် သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းဆရာမ သုံးဦးဖြင့် စပါးမျိုးစေ့ ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ပျဉ်းမနားမြို့နယ်၌ လူငယ်များအတွက် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

ပျဉ်းမနား ဧပြီ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ၊ လူငယ်များအတွက်နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း မိမိဝါသနာပါသည့် အားကစားနည်းများကို စနစ်တကျ လေ့လာသင်ယူနိုင်ရေး အတွက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းများကို ပေါင်းလောင်း အားကစားကွင်းနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများ၌ အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ်များအတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ အေရိုးဗစ် စသည့် အားကစားနည်းများကို အခြေခံ သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ အဆိုပါသင်တန်းများကို မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မဟာသင်္ကြန် အထူးအစီအစဉ်
ခေတ်သစ် မြန်မာ့နှစ်သစ်အတာ
ဂီတကျော့ပြန်ပွဲကြီး
FRIDAY NIGHT
LIVE SHOW
MRTV HD
Me
LIVE ON ၃-၄-၂၀၂၆ (သောကြာနေ့) ည (၉) နာရီ
၅-၄-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် (၁၀:၃၀) နာရီ REPLAY

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိကဘွဲ့များ ရရှိတော်မူသော ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

ကျောက်ပန်းတောင်း မေ ၁

၂၀၂၀ ပြည့်နှစ်တွင် (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့၊ ၂၀၂၆ ခုနှစ်တွင် တိပိဋက-ဓမ္မဘဏ္ဍာဂါရိကဘွဲ့များ ရရှိတော်မူသော ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ (ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တ ပညာဝံသာလင်္ကာရာဘိဝံသအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက်က ကျောက်ပန်းတောင်းမြို့နယ် တောင်နောက်ကျေးရွာရှိ ဆရာတော်သီတင်းသုံးတော်မူသည့် ကျောင်းတိုက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် စိတ္တပါလဂူကျောင်းစာသင်တိုက် နာယက ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ဆက်လက်၍ ၁၅ ပါးမြောက် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်းကို ကျောက်ပန်းတောင်းမြို့ ရွှေမြင်တင်ကျောင်းဆရာတော် ဘဒ္ဒန္တလက္ခဏဓဇေက ဖတ်ကြားပူဇော်သည်။ ယင်းနောက် မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်သာသနာရေးမှူး ဦးကျော်ကျော်လွင်က ၁၅ ပါးမြောက် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ကျောက်ပန်းတောင်းဆရာတော်)ထံ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပြီး အလှူရှင်များ က ပင့်သံဃာအရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဂုဏပူဇာသဘင်ဖြစ်မြောက်ရေးအတွက် နဝကမ္မများလှူဒါန်းခြင်းနှင့် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက (ကျောက်ပန်းတောင်းဆရာတော်)အား ဂုဏပူဇာနဝကမ္မများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

သုံးခွမြို့နယ်၌ မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

သုံးခွ မေ ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ယနေ့နံနက် ပိုင်းက မွေးကင်းစမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်သည်။

ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာမ ဒေါ်သက်ထားမြင့်နှင့် ဆရာမများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဝက်သက်-ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ခြင်း၊ ဘီစီဂျီကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (pcv) ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချကာကွယ်ဆေး၊ တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊. မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါ ကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေး ထိုးဆေးတိုက်ခြင်း လုပ်ငန်းကို မြို့ပေါ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် လစဉ် ၁ ရက်နှင့် ၂ ရက်တို့တွင် ထိုးနှံပေးလျက်ရှိပြီး ကျန်ရက်များတွင် ရပ်ကွက်နှင့် ကျေးရွာများရှိ ကျန်းမာရေးဌာနခွဲများတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေး

ကံမ မေ ၁

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် ပင်စင်စား အငြိမ်းစားဝန်ထမ်းများအား ဆီးချိုသွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးသည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ECG စက်ဖြင့် တိုင်းတာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့်ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး သက်ဦးဟန် ဦးဆောင်၍ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

ကြို့ပင်ကောက်မြို့နယ်၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များပြသ

ကြို့ပင်ကောက် မေ ၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ရက် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်များ ပြသခြင်း ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး သိလိုသည်အချက်များကို ပြန်လည်မေးမြန်းရာ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်ဦးစီးအရာရှိတို့က ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

မိုင်းယောင်းမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

မိုင်းယောင်း မေ ၁

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၃) ရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး၊ လူငယ်ရေးရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး မြန်မာ့ရိုးရာအတာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ အထွက်နှုန်းပန်းတိုင်ပြည့်မီရေး၊ အုတ်ကြွပ်များ အဆင့်မီ ထုတ်လုပ်နိုင်ရေး၊ ရော်ဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေး ဆွေးနွေးသည်။

စိုင်းအောင်ဇော်လင်း

တနိုင်းမြို့နယ်၌ ရေဆေးပန်းချီပြိုင်ပွဲ ကျင်းပ

တနိုင်း မေ ၁

တနိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ရေဆေးပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ လက်ထောက်မှုပြ ဆရာဦးကောင်းထက်လွင်က ရေဆေးပန်းချီရေးဆွဲခြင်း၊ ရေဆေးအသုံးပြုနည်းများနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၁၈ ဦး ယှဉ်ပြိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။

ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ငွေဆောင်ကမ်းခြေသို့ ဇန်နဝါရီလအစမှ မတ်လကုန်အထိ ခရီးသွားဧည့်သည် ၁၁၂၈၃၆ ဦး လာရောက်လည်ပတ်

ငွေဆောင် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ မြန်မာနိုင်ငံ၏ နာမည်ကြီး အပန်းဖြေကမ်းခြေတစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေသို့ ဇန်နဝါရီလတွင် ခရီးသွားဧည့်သည် ၃၂၂၈၄ ဦး၊ ဖေဖော်ဝါရီလတွင် ၃၇၄၀၃ ဦး၊ မတ်လတွင် ၄၃၂၃၉ ဦး စုစုပေါင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ၁၁၂၈၃၆ ဦးအထိ ဝင်ရောက်လည်ပတ်ခဲ့သည်။

ငွေဆောင်ကမ်းခြေသည် ပင်လယ်ရေကြည်လင်ခြင်း၊ ကမ်းခြေသဲသောင်ပြင် သန့်ရှင်းသပ်ရပ်ခြင်း၊ လုံခြုံမှုစိတ်ချရခြင်းတို့ကြောင့် ရေကူးခြင်း၊ လှိုင်းကစားခြင်း၊ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခြင်းတို့ကို စိတ်အေးချမ်းသာစွာ ပြုလုပ်နိုင်ခြင်း၊Jet Ski၊ Banana Boat၊ speed boat စသည့် ရေယာဉ်များဖြင့်လည်း ပင်လယ်၏ အလှအပနှင့် ကျွန်းများ၏ အလှအပကို အနီးကပ်ကြည့်ရှုခံစားနိုင်ခြင်း၊ လည်ပတ်စရာနေရာပေါများခြင်းတို့ကြောင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်အပန်းဖြေလျက်ရှိသည်။

ငွေဆောင်ကမ်းခြေတွင် ဟိုတယ် ၃၈ လုံး၊ တည်းခိုရိပ်သာ ၇၀ ဖြင့် ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။**ကျော်လင်းဦး(ပြန်/ဆက်)**

ငါးသိုင်းချောင်းမြို့၌ အသက်(၇၀)နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး

ငါးသိုင်းချောင်း မေ ၁

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတွင် အသက်(၇၀)နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်ခြင်းကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင် ဦးဆောင်မှုဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာဦးသန့်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီး မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလွင်နှင့် အလှူရှင်များက အလှူငွေများနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းသည်။

ငါးသိုင်းချောင်းမြို့တွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေး အခမဲ့ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး ယနေ့တွင် အဘိုးအဘွား ၁၃၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သထုံမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သထုံ မေ ၁

မွန်ပြည်နယ် သထုံမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ခရိုင်အဆင့် ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ စတုဒိသာ အလှူများ၊ ယိမ်းအဖွဲ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သထုံမြို့၏ ဗဟိုရေကစားမဏ္ဍပ်ကို သထုံမြို့လယ် ရွှေစာရံစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်အရှေ့ရှိ ရန်ကုန် – မော်လမြိုင်ကားလမ်းနံဘေး အဝေးပြေးယဉ်ရပ်နားကွင်းအတွင်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့ခြောက်ဖွဲ့တို့က ယှဉ်ပြိုင်ခြင်း၊ နေ့စဉ် အဖွဲ့အစည်းများနှင့် ရပ်ကွက်တို့မှ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များ မိမိတို့ရပ်ကွက်အလိုက် သတ်မှတ်နေရာများ၌ ကြိုတင်လေ့ကျင့်လျက်ရှိသည်။

သထုံမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ အနုပညာရှင်တို့၏ ဖျော်ဖြေရေးအစီအစဉ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သင်္ကြီးပူဇော်ပွဲစသည်တို့ဖြင့် ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

မိုင်းဆတ်မြို့၌ ငလျင်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေး

မိုင်းဆတ် မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်းပြီး မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ငလျင်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရဲဇော်ဦးက ငလျင်ဖြစ်ရသည့်အကြောင်းရင်းနှင့် မိုင်းဆတ်မြို့နယ်တွင် ငလျင်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အင်အားအဆင့်များ၊ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်သည့် အရေးပေါ်အိတ်၏ အရေးကြီးပုံနှင့် ထည့်ထားရမည့်ပစ္စည်းများ၊ အဆောက်အအုံအတွင်း၌ရှိသော ပရိဘောဂများကို ပြင်ဆင်ထားရှိရမည့် အချက်များ၊ ငလျင်လှုပ်ပါက လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အခြေခံအကျဆုံး နည်းလမ်းများ၊ ငလျင်လှုပ်ပြီးပါက ပထမဆုံးစစ်ဆေးရမည့် အချက်များနှင့် အဆောက်အအုံအပြင်ရောက်ပါက ဆက်လက်၍ သတိထားရမည့် အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

၂၀၂၆ ခုနှစ် မေလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၇ ဒီဂရီဖာရင်ဟိုက်မှ ၁၀၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၄၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၇ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီ ဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့်တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅၂ မီလီမီတာမှ ၆၂ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၃ မီလီမီတာမှ ၇၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၈၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဧပြီ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

အခမဲ့ထုတ်ဝေသည်

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဃ - ၂၆၆၁၁၂

ကံထူးရှင်(၁)ဦး

အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆု

ပ - ၁၄၂၄၂၆

ကံထူးရှင်(၁)ဦး

အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ည - ၅၁၅၀၁၀ ခ - ၈၉၂၅၅၃

ကံထူးရှင်(၂)ဦး

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ည -	၄၉၀၉၇၄	ည -	၉၉၁၆၁၆
ဆ -	၇၉၀၃၄၆		

ကံထူးရှင်(၃)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

စ -	၁၈၀၂၈၈	ဗ -	၅၅၅၇၃၆
ဆ -	၁၈၃၂၅၁	ပ -	၆၀၆၂၁၇
ည -	၃၁၉၀၀၂	က -	၇၈၄၈၆၇
ဈ -	၃၂၆၉၁၅	စ -	၉၃၅၅၀၈
ဗ -	၃၅၁၉၇၀	စ -	၉၈၂၀၇၄
ဈ -	၄၇၁၂၁၆		

ကံထူးရှင်(၁၁)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဈ -	၁၈၈၇၀၂	ဍ -	၄၀၇၁၃၅	ဆ -	၆၉၂၃၆၆
က -	၂၄၄၀၈၃	ဍ -	၄၆၅၀၅၀	ပ -	၇၅၉၂၂၉
ခ -	၃၅၆၅၉၃	ဈ -	၅၅၉၉၆၈	ဗ -	၈၅၇၆၅၂
က -	၃၅၉၃၈၁	ခ -	၅၆၉၆၆၁	ဍ -	၈၆၉၉၇၉
ပ -	၃၇၈၂၈၄				

ကံထူးရှင်(၁၃)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဍ -	၂၅၁၂၆၂	ဆ -	၄၂၁၉၆၇	ည -	၆၃၆၉၅၆
ပ -	၂၆၄၈၄၈	ဍ -	၄၃၈၆၆၄	ဈ -	၆၈၀၆၆၈
ဍ -	၂၇၆၁၃၆	င -	၄၆၆၄၈၀	ည -	၈၃၆၃၉၁
က -	၂၈၇၃၄၆	ဃ -	၅၃၈၇၄၆	ဋ -	၈၆၅၈၉၇
ည -	၃၅၆၀၃၀	ဂ -	၅၉၁၃၅၄		

ကံထူးရှင်(၁၄)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ည -	၁၀၈၉၄၄	ဈ -	၇၁၅၁၆၈
ပ -	၃၉၃၆၁၀	ဍ -	၇၂၅၉၅၁
ဆ -	၄၁၈၁၇၃	က -	၇၅၄၃၂၇
ဃ -	၄၂၃၇၆၅	က -	၈၁၉၂၈၆
ဋ -	၄၅၈၉၀၉	ဍ -	၈၃၇၀၂၂
စ -	၄၉၄၅၉၆	ဋ -	၉၅၁၅၂၀
ည -	၅၄၆၈၄၀	ပ -	၉၆၆၉၆၇
ခ -	၆၅၄၈၇၉	ဆ -	၉၉၃၄၃၃

ကံထူးရှင်(၁၆)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဃ-	၁၅၅၆၀၉	ဃ-	၄၅၃၄၂၅	ဆ-	၆၆၀၂၈၉
စ -	၁၆၁၂၉၉	ခ -	၄၆၈၉၃၀	ည-	၆၈၀၁၀၇
ဂ -	၂၀၇၆၁၅	စ -	၄၇၀၄၄၈	ဃ-	၇၆၉၅၅၆
ပ -	၂၂၆၈၆၉	စ -	၄၈၃၂၀၂	ဈ -	၇၈၆၃၃၆
ခ -	၂၂၇၆၀၃	ဋ -	၅၀၅၉၄၉	ဗ -	၈၄၀၇၁၇
ဃ-	၂၂၉၅၀၃	စ -	၅၅၀၀၄၇	ဗ -	၈၅၆၆၈၄
ခ -	၂၉၆၇၉၀	ဗ -	၅၈၀၈၄၉	ဆ-	၉၅၈၅၉၀
ပ -	၃၀၅၅၂၇	စ -	၆၁၇၀၀၈		

ကံထူးရှင်(၂၃)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဍ -	၁၃၁၀၇၉	စ -	၆၃၅၅၉၂
ဍ -	၁၆၁၇၃၄	ဂ -	၆၃၆၃၉၇
ဃ -	၂၃၇၃၂၉	ဗ -	၆၉၄၅၉၁
က -	၂၆၄၂၇၆	ဋ -	၇၁၁၉၃၀
ဃ -	၂၇၈၄၂၀	ဋ -	၇၃၁၅၂၉
ဍ -	၃၀၃၈၆၀	ဋ -	၇၆၁၇၅၇
ဋ -	၃၆၄၃၇၀	ဍ -	၈၅၁၈၅၉
ဗ -	၃၉၆၂၉၅	ဍ -	၈၈၈၇၄၈
ဍ -	၄၃၆၄၅၅	ည -	၉၁၈၃၈၇
ပ -	၄၄၇၁၃၁	ခ -	၉၂၈၈၂၀
စ -	၅၁၄၃၉၂	ဆ -	၉၃၃၇၀၅
ဗ -	၅၃၉၇၁၂	ဍ -	၉၆၁၀၀၂
ဈ -	၆၁၁၃၈၄	ဃ -	၉၆၄၆၉၁
ည -	၆၁၂၁၂၉		

ကံထူးရှင်(၂၇)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

က -	၁၈၅၆၂	ပ -	၆၄၆၉၈
ဆ -	၅၉၄၄၀	က -	၉၂၆၈၀
ဂ -	၆၀၁၁၂		

အကွာရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

စ -	၁၂၁၅	စ -	၅၅၄၆	ဍ -	၈၃၁၃
ဈ -	၁၄၂၄	ဍ -	၆၁၆၅	ဋ -	၉၃၁၂
က -	၁၄၉၂	ပ -	၆၆၆၃	က -	၉၆၁၅
ခ -	၂၉၃၅				

အကွာရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

ဍ -	၁၃၀	စ -	၄၂၆	ဍ -	၆၆၃
င -	၁၃၈	ဆ -	၅၆၈	ဃ -	၇၁၀
ည -	၂၄၀	ဃ -	၆၀၂	ည -	၉၄၉
ဗ -	၃၈၄	က -	၆၄၇	ဍ -	၉၉၄

အကွာရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဗ -	၄၈	ဍ -	၄၈	ပ -	၄၈	ဍ -	၆၀	စ -	၉၃	ဋ -	၉၇

အကွာရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဆ - ၆

အကွာရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဈ -	၂၀၀၂၂၀	ဃ -	၅၉၃၂၁၆
င -	၅၆၄၇၃၉	ဍ -	၉၃၃၂၉၆

ကံထူးရှင်(၄)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

က - ၃၁၈၉၁ က - ၇၂၇၁၃

အကွာရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဃ - ၄၉၂၈ ခ - ၈၁၁၄

အကွာရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

က - ၁၁၆ ဈ - ၁၄၀

အကွာရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၇၅၃၈၅) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၇၅၃၈၅) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဋ) အက္ခရာထိ အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၈၅)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂ - ၄ - ၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၉- ၄- ၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် မေ လ (၁) ရက်နေ့

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အစမဲ့ထုတ်ဝေသည်*

Jackpot ဆုမဲစနစ် ကျပ်သိန်း (၁၀၀၀)ဆု

ဓ - ၂၇၇၀၈

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု

ဆ - ၁၃၅၅၈

ဘ - ၉၀၄၄၆

ကံထူးရှင်(၂)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆု

င - ၂၁၈၉၆ ဟ - ၈၀၉၉၆

ဟ - ၄၃၈၄၆

ကံထူးရှင်(၃)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀၀)သိန်းဆုများ

ည - ၁၇၆၆၂ ယ - ၈၀၄၂၀

ရ - ၂၃၆၃၄ တ - ၈၂၆၅၃

တ - ၇၀၃၈၄ ရ - ၉၁၄၇၂

ကံထူးရှင်(၆)ဦး

ဆုတစ်ဆုချင်း ကျပ်(၅၀)သိန်းဆုများ

ယ- ၂၄၂၆၂ ဒ - ၄၉၃၄၉ ဒ - ၆၈၉၆၂

ပ - ၂၇၁၃၆ ဝ - ၆၁၉၀၁ ခ - ၇၇၁၇၄

အ- ၄၂၃၆၉ ည- ၆၇၄၀၆ ထ- ၈၁၃၆၄

ကံထူးရှင်(၉)ဦး

ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆုများ

စ - ၁၉၈၁၉ ဗ - ၂၆၈၈၅ တ - ၆၈၀၃၇ ထ - ၇၆၅၉၂

ဟ- ၂၂၅၅၈ ဓ - ၃၇၁၉၅ ဘ - ၇၂၈၇၃ ဒ - ၈၇၃၂၆

ဖ - ၂၄၁၉၀ ပ - ၄၂၇၉၆

ကံထူးရှင်(၁၀)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ရ - ၁၅၉၀၄ ည - ၄၃၂၁၉ ခ - ၈၆၃၅၆ ထ - ၉၆၈၈၁

ဆ- ၂၃၁၁၇ ဖ - ၅၂၂၆၆ ဓ - ၉၄၉၄၇ ယ - ၉၉၆၆၈

တ- ၃၀၄၃၄ ခ - ၅၆၀၆၂

ကံထူးရှင်(၁၀)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၄)ယူနစ်

န - ၁၆၄၈ အ - ၂၃၁၅ ခ - ၅၁၇၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၇)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၃)ယူနစ်

ဟ - ၄၀၂ လ - ၆၈၄

ဗ - ၆၁၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၀)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၅)ယူနစ်

ခ - ၁၂ ပ - ၄၆ ည - ၈၇

သ - ၁၇ စ - ၅၅

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၇၈၉)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၇)ယူနစ်

ည - ၁ လ - ၁ ရ - ၃ န - ၉

ခ - ၁ ဈ - ၃ ဒ - ၉

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၃၆၇၄၉)ဦး

၁။ ၂၀၂၆ ခုနှစ်၊ မေ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၃၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၃၉၇၄၆)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၃၉၇၄၆)ဦး ဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ (၃၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၄-၂၀၂၆) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းဆယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား (၅/က) ရပ်ကွက်နေ ဦးဇော်မင်းနိုင် ၏သား ဦးမင်းခန့် ၅/တမန(နိုင်)၀၆၇၂၉၈ ၏ အမည်မှန်မှာ ဦးမင်းခန့်ညား ဖြစ်ပါကြောင်း။

ဦးမင်းခန့်ညား

ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်ခွက်၏ သား ကျွန်တော် ဆီခမ်း ၁၃/ပပက(နိုင်) ၀၁၁၁၁၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MK-546756)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၄၂၀၀၉

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် ၅၈၀၊ ဦးပိုင်အမှတ် (၁-ဃ/၂-က+၁စ/၂-က+၁-ဃ/၉က)ခဲစင်း/၆၂ လမ်း၊ ဆောက်တောဝကျေးရွာ အနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ အစ်ကို ဦးဝင်းမြင့်အောင် ၉/ပကခ(နိုင်)၀၀၉၆၄၀ မှ ညီဖြစ်သူ ဦးထွန်းထွန်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/7130 ၏ ဖောင်းကြွနံပါတ်ပြား ပျောက် ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ) ကျိုင်းတုံမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့ ရလက(၃) တေဇတပ်ခွဲ (၆၁)မှ ဘိုဘိုကို၏ အိမ်ထောင်စုဇယား တွင်ပါရှိသော ဖခင်အမည် ဦးကိုကိုလေး (၉/မမန(နိုင်) ၀၁၈၁၈၉) နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် ပါရှိသော ဦးကိုလေး အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့ ရလက(၃) တေဇတပ်ခွဲ(၆၁)မှ ဝေယံအာကာ၏ အိမ်ထောင်စုဇယားတွင် ပါရှိသော မိခင်အမည် ဒေါ်မြဝင်း (၁/မညန (နိုင်)၀၃၁၄၇၇) နှင့်တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်တွင် ပါရှိသော ဒေါ်မဝင်း အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့ ရလက (၃) တေဇတပ်ခွဲ (၆၁)မှ ဇော်မင်းဦး၏ အိမ်ထောင်စုဇယားတွင် ပါရှိသော မိခင်အမည် ဒေါ်ရွှေ (၅/တမန(နိုင်) ၀၂၈၇၅၈) နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်တွင်ပါရှိ သော ဒေါ်သိန်းရွှေ အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့ ရလက(၃) တေဇတပ်ခွဲ (၆၁) မှ လုထိပ်မိုး၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား တွင်ပါရှိသော မိခင်အမည် ဒေါ်တင်ငွေး (၁/မညန (နိုင်) ၀၁၂၃၉၅) နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်တွင် ပါရှိ သော ဒေါ်ငွေးငွေး အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်တင်တင်ထွေးနှင့်အများသိစေရန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နယ်မြေ (၁၀)၊ ရပ်ကွက်ကြီး (၆၅)၊ အမှတ် (၅၃) မြတ်လေးလမ်းပေါ်ရှိ (၄၀' x ၆၀') မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ဒေါ်တင်တင်ထွေး(ဘ)ဦးအောင်မြင့် TDI 005712 ဂရန် အမည်ပေါက် ဖြစ်ပါသည်။

ယခုအခါ ဂရန်အမည်ပြောင်း သက်တမ်းတိုးရန် ကျွန်ုပ်မိတ်ဆွေမှ ပြုလုပ်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့သတင်းစာတွင်ပါသည့်ရက်မှစ၍ (၁) လ အတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ် အကြောင်းကြားရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်ဆွေ B.Sc HGP အထက်တန်းရှေ့နေ(စဉ်-၉၃၃၉/၈၄)
(၁၉/၁၀)ရေထွက်ဦးလမ်းနှင့် နေခြည်ဦးလမ်းထောင့်၊ ရေအေးကွင်းရပ်၊
တောင်ကြီးမြို့၊ ဖုန်း-၀၉-၉၇၈၁၅၅၄၃၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုလားကြီးခြံနေ ဦးချစ်လင်း [၉/မနတ(နိုင်)၀၇၁၄၇၂]၊ ဒေါ်နီနီဝင်း [၉/မနတ(နိုင်) ၀၇၁၄၇၉]တို့၏သား၊ မောင်မိုးဝင်း [၉/အမဇ(နိုင်)၀၅၂၆၀၁)သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အမှုအရာများကြောင့် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နှင့် နောက်နောင်တွင် မောင်မိုးဝင်းနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေး၊ အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများ နှင့် ကိစ္စအဝဝတို့ကို ယနေ့မှစ၍ ပါဝင်ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်မိုးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးချစ်လင်း-ဒေါ်နီနီဝင်း

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၄)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(UE2)၊အဓိပတိလမ်း၊မြေကွက်အမှတ်(၉၆၈)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်မြခင် (ISN-၀၈၅၆၃၆)အမည်ပေါက်ပါမစ်မြေကွက်အနက်မှ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)(မြေကွက်အားမျက်နှာမူကြည့်လျှင်ဘယ်ဘက်ခြမ်း)ရှိ ပါမစ်မူရင်းခြမ်း အိမ်ခြံမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်မိခင်ကွယ်လွန်၍ ၎င်း၏သားသမီးများဖြစ်ကြသော ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ(၁)ဒေါ်စန်းစန်းနု(၁၂/လမန(နိုင်)၀၁၁၈၅၈)၊(၂)ဒေါ်စန်းစန်းဝေ(၁၂/လမန(နိုင်)၁၂၀၀၅၆)၊(၃)ဒေါ်ဥမ္မာချို(၁၂/ဒဂရ(နိုင်)၀၀၀၆၃၇)၊(၄)ဦးသန်းထိုက်(၁၂/လမန(နိုင်)၀၁၁၈၅၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဦးမောင်မောင်စန်း (၇/အဖန(နိုင်)၀၅၃၂၆၂)ကဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထိန်လင်းသန်း လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.L, D.M.L LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)
ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် W/89427 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၇၀၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/65008, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြထွန်း(ခ)တိုးတိုး ၁၃/တကန(နိုင်)၀၀၄၀၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4917, Toyota Harrier Sxu 10 ယာဉ်လက်ဝယ်ရှိသူ ဦးသက်အောင် ၁၂/လသန(နိုင်) ၀၁၄၃၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/9849, Mitsubishi ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းရွှေ ၁၃/တကန(နိုင်) ၁၇၂၂၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

ချိုချိုကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များသိရှိနိုင်ပါရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တည်ဆဲဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသော ချိုချိုကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ် / ၁၁၅၄၄၅၃၆၇)တွင် အစုရှယ်ယာထည့်ဝင်ထားသော အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။

ကျွန်ုပ်တို့ ချိုချိုကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”) အနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ရန် အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာများအား ကုမ္ပဏီတွင်လူကြီးမင်းတို့ ပေးပို့ထားသော လူကြီးမင်းတို့၏လိပ်စာများအတိုင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန် (စာတိုက်ကြီး)မှတစ်ဆင့် ပို့ဆောင်သည့်အပြင် ယခင်ဆက်သွယ်ခဲ့သည့် အီးမေးလ် လိပ်စာများဖြင့်လည်းပေးပို့၍ နှစ်စဉ်မပျက် ဖိတ်ကြားခဲ့သော်လည်း အချို့သော အစုရှယ်ယာရှင်များသည် အစည်းအဝေးဖိတ်စာရရှိကြောင်း အတည်မပြုကြခြင်း၊ လိပ်စာတွင် လိပ်စာရှင်မတွေ့သဖြင့် ရန်ကုန်စာတိုက်ကြီးမှ ကုမ္ပဏီသို့ ပြန်လည်ပေးပို့ခြင်း၊ အစည်းအဝေးတက်ရောက်ခြင်းမပြုနိုင်ကြောင်း အကြောင်းကြားခြင်းမရှိဘဲ အစည်းအဝေးသို့တက်ရောက်ရန် အကြိမ်ကြိမ် ပျက်ကွက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည်များအား ဆက်လက်လုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာ အစုရှယ်ယာရှင်များအနေဖြင့် ဤကြေညာစာရရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကုမ္ပဏီနှင့် အမြန်ဆုံးဆက်သွယ်ပေးရန်ဖြစ်ပါသည်။

သတ်မှတ်ထားသောအချိန်အတွင်း ဆက်သွယ်ခြင်းမရှိပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ချိုချိုကုမ္ပဏီလီမိတက်
အဆောင်-၃၊ အခန်း-၆၊ MICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
[ဖုန်းနံပါတ်] – 095073468, 09750066901
Email–headoffice@chochoco.biz

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ၊ သွေးနက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၈၇/ တောင်ပုလု)၊ မြေကွက်အမှတ်(၁၂၅)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေမျိုးနှင့်အတန်း (ကျန်အခြားမြေ)၊ မြေဧရိယာ(၀ဒသမ ၀၅၅)ကေရှိ မြေကွက်အား လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်)ချထားပေးရန် ဦးဖြိုးကိုကို အမည်ဖြင့်လည်းကောင်း၊ သွေးနက်ကျေးရွာအုပ်စု ၊ ကွင်း /အကွက်အမှတ်နှင့်အမည်(၂၈၇/တောင်ပုလု)၊ ဦးပိုင်အမှတ်(–)၊ မြေကွက်အမှတ်(၁၄၄)၊ ပိုင်ဆိုင်ခွင့်(အစိုးရ)၊ မြေမျိုးနှင့် အတန်း(ကျန်အခြားမြေ)၊ မြေဧရိယာ (၀ဒသမ၀၅၅) ကေရှိ မြေကွက်အား လူနေထိုင်ရန်အတွက် မြေငှားဂရန် (အသစ်) ချထားပေးရန် ဦးကျော်လင်း အမည်ဖြင့်လည်းကောင်း၊ သွေးနက် ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၈၇/တောင်ပုလု)၊ မြေကွက်အမှတ် (၁၄၃)၊ ပိုင်ဆိုင်ခွင့် (အစိုးရ)၊ မြေမျိုးနှင့်အတန်း(ကျန်အခြားမြေ)၊ မြေဧရိယာ (၀ဒသမ၀၅၅) ကေရှိ မြေကွက်အား လူနေထိုင်ရန်အတွက် မြေငှားဂရန် (အသစ်) ချထားပေးရန် ဒေါ်အိအိငြိမ်း အမည်ဖြင့် လည်းကောင်း လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ချောက်ခရိုင်၊ ချောက်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၀)၊ မြေကွက်အမှတ် (၂၀၅)၊ ဦးစိုးတင် (TTN–009827) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း ပေ(၄၀x ၆၀) ရှိ မြေကွက်အနက်မှ မြေကွက်အမှတ် (၂၀၄) နှင့်ကပ်လျက် တရားဝင်မခွဲမစိတ်ရသေးသော ပေ(၂၀x၆၀) ၊ (ဂရန်မူရင်းခြမ်း) မြေကွက်၊ အမှတ် (၂၀၅/က)၊ ကုမုဒြာလမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆက်အစပ် စာချုပ်များဖြင့် တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးမာလာစန်း (၁၂/ဥကတ(နိုင်)၀၅၄၀၆၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ –**
ဦးသူရထိုက်	**ဒေါ်ယဉ်ယဉ်သူ (LL.B)**
၁၂/သဃက(နိုင်)၁၆၅၆၈၉	အထက်တန်းရှေ့နေ (စဉ် – ၂၅၈၃၂/၂၀၀၇)
	ဖုန်း – ၀၉ –၇၆၄၈၅၂၈၇၉၊ ၀၉–၇၇၇၀၀၄၉၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/82083, Dayang–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၉/မထလ(နိုင်)၁၉၃၀၆၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/9020, Toyota Mark X GRX120, Sloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင် ၁၂/ဒဂဆ(နိုင်) ၀၁၇၄၁၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ကြော်ငြာစာ

တောင်ကြီးမြို့၊အေးသာယာစက်မှုဇုန် အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၁၀၀)အတွင်း မြေပေးမိန့်ဖြင့် မြေနေရာချထားပေးသည့် ဒေါ်ညိုညိုဝင်း–ဦးပိုင်အမှတ်(၃)၊ ဦးအောင်သန်း–ဦးပိုင်အမှတ် (၆)၊ ဦးစောသန်း–ဦးပိုင် အမှတ်(၇)၊ ဦးသန်းထွန်း–ဦးပိုင်အမှတ်(၁၀)၊ ဒေါ်နန်းစံထွေး– ဦးပိုင်အမှတ်(၃၂)၊ ဦးစိုင်းအောင်မြတ်–ဦးပိုင်အမှတ်(၃၄)၊ ဒေါ်ပြုံး+ဦးစိုင်းအိုက်ကြာ–ဦးပိုင်အမှတ် (၃၆) တို့(၇)ဦးသည် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ယာယီမြေပေးမိန့်ဖြင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် မြေပေးထားသော်လည်း (၂၀)နှစ် ကြာမြင့်သည့်အထိ လာရောက်လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသဖြင့် ကြော်ငြာစာထုတ်ပြန်သည့်ရက်မှစ၍ (၇)ရက်အတွင်း တောင်ကြီး (အေးသာယာ) စက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီသို့ လာရောက် သတင်းပို့ရန်နှင့် လာရောက်သတင်းပို့ရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ဦးမြင့်ကြည်
ဥက္ကဋ္ဌ
အေးသာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ် တ–၂၊ ဦးပိုင်အမှတ် ၈၅./၆၄လမ်း၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဦးမျိုးမြင့်၊ ဦးခင်မောင်မြင့်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်အေးအေးမြင့်၊ ဦးနေဝင်းဦး အမည်ပေါက်ဂရန်မြေကွက်အား ဦးနေဝင်းဦး (လူပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူများဖြစ်သည့် ဦးမျိုးမြင့် ၉/မရမ(နိုင်)၀၄၁၈၆၇၊ ဦးခင်မောင်မြင့် ၉/မရမ(နိုင်)၀၃၄၅၆၁၊ ဒေါ်ခင်စန်းရီ ၉/မရမ(နိုင်)၀၃၄၁၄၉၊ ဒေါ်အေးအေးမြင့် ၉/ခအဇ(နိုင်)၀၀၀၇၉၃ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ ရပ်ကွက်၊ အကွက်အမှတ် မ–၉၊ ဦးပိုင်အမှတ် ၃၀–ခ/၁၀၂လမ်း၊ ၆၃x၆၄ လမ်းကြားရှိ ဒေါ်စဘော်ကော့နန် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမောင်စိန်၊ မိခင် ဒေါ်စဘော်ကော့နန်တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်ခင်မျိုးဦး ၁/ကမန(နိုင်)၀၀၀၂၂၁၊ ဒေါ်ခင်မျိုးချို ၁/ကမန(နိုင်)၀၀၀၂၂၂ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၂၇၊ ဦးပိုင်အမှတ် ၁/၈၃လမ်း၊ ၃၈လမ်းထောင့်ရှိ ဦးတင်အောင်၊ ဒေါ်သန်းစိန် အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဖခင် ဦးတင်အောင် ၊ မိခင် ဒေါ်သန်းစိန်၊ သားဦးကျော်စိုးအောင် တို့ကွယ်လွန်၍ ကျန်ရစ်သူသား၊ ချွေးမတို့ ဖြစ်ကြသော ဦးဇော်မျိုးအောင် ၉/မရတ(နိုင်)၀၅၅၅၈၁၊ ဒေါ်မိုင်စမ်းစမ်းအေး ၈/မကန(နိုင်)၀၀၈၀၇၂ တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရား ရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေ ဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၅၈၊ ဦးပိုင်အမှတ် ၇–က/၃၃x၃၄ လမ်းကြား၊ ၆၉x၇၀ လမ်းကြားရှိ ဦးထွန်းမြိုင်၊ ဒေါ်ခင်ဝင်းအမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးထွန်းမြိုင်ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ခင်ဝင်း ၉/မရမ(နိုင်)၀၄၉၄၀၁က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန် ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဟံသာဝတီခရိုင်၊ သန်လျင်မြို့၊ ဈေးကွက်အမှတ် –၁၃၊ ဦးပိုင်အမှတ်–၁၀၁၊ မြေချိန်ဧရိယာ ဧကမရှိ (ဒသမ ၅၅၃) မှ ခွဲကူးထားသည့် (၂၀၄) အမှတ်အသားရှိသည့် ဧရိယာ (၀.၀၆၀) ရှိ လယ်ယာမြေ မဟုတ်ကြောင်း ဝန်ခံချက်လက်မှတ်ရရှိထားသည့် ခြံမြေ (ယခုအခေါ် အမှတ် – ၁၇၊ စိတ္တသုခလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့ရှိ ခြံမြေအား) ၁၉၆၆–ခုနှစ်တွင် ဦးကိုကိုကြီး ပါ – ၅ ဦးထံမှ ဦးသိန်း– ဒေါ်ကျင်ဝက်တို့ဇနီးမောင်နှံမှ မှတ်ပုံတင်ခြံမြေအရောင်း စာချုပ်ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ အဘိုး ဦးသိန်း၊ အဘွား ဒေါ်ကျင်ဝက်တို့မှ (၁) ဒေါ်မြင့်မြင့်ဝင်း၊ (၂) ဒေါ်မြင့်မြင့်ကြည်တို့ သမီး (၂)ဦးကို မွေးဖွားခဲ့ပါသည်။ ဒေါ်မြင့်မြင့်ဝင်းသည် ဦးတင်ကြိုင်နှင့် အိမ်ထောင်ကျပြီး၊ (၁) ဦးမိုးမြင့် (ခ) ဦးမိုးမြင့်ဦး၊ (၂) ဒေါ်ရီရီဝင်း၊ (၃) ဒေါ်သန်းသန်းဝင်းတို့ (၃)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်မြင့်မြင့်ကြည်သည် အပျိုကြီးတစ်ဦးအဖြစ် နေထိုင်ပါသည်။ အဘိုး ဦးသိန်း၊ အဘွား ဒေါ်ကျင်ဝက်၊ သမီး ဒေါ်မြင့်မြင့်ဝင်း၊ သားမက် ဦးတင်ကြိုင်တို့မှာ ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည့်အတွက် ယင်းခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား သမီး (၁)ဦးနှင့် မြေးများဖြစ်သော (၁) ဒေါ်မြင့်မြင့်ကြည် (SRM – ၀၀၂၃၈၈) (၂)၊ ဦးမိုးမြင့် (ခ) ဦးမိုးမြင့်ဦး (၁၂/သလန(နိုင်)၀၀၄၅၄၇)၊ (၃) ဒေါ်ရီရီဝင်း (၁၂/သလန(နိုင်)၀၀၀၂၈၉)၊ (၄) ဒေါ်သန်းသန်းဝင်း (၁၂/သလန(နိုင်)၀၀၁၄၀၉) တို့မှ သက်ဆိုင်ရာဌာနတွင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက(၇–၄–၂၀၂၆) ရက် နောက်ဆုံးထားပြီး တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်ပြီး ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ဆန်းဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၆၀၈/ ၃၁.၁၀.၂၀၂၃)
အမှတ် (၉/၁၁)၊ အခန်း (၁၀၁ – E)၊ ပထမထပ်၊ (၃၆) လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၇၄၉၃၅၃၂၊ ၀၉–၆၆၂၉၃၂၀၄၀

FAME
RejuMax®
For rejuvenation
ပျိုရွယ်နုဆေး
TMR 016443 (0927)
၂/၂၀၂၄ တာဆထလ/တိုး (၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

FAME
BerryTec®
Longevity flavonoid
စတော်ဘယ်ရီဆေး
TMR 016793 (0628)
၂/၂၀၂၄ တာဆထလ/တိုး (၀၆၅၇)
Ph: 09-95 500 5000
အရွယ်မတိုင်မီ
အိုမင်းရင့်ရော်မှုကို
လျော့နည်းစေ၍
ကျန်းမာနုပျိုစေခြင်း

ဝန်ချတောင်းပန်ခြင်း

မန္တလေးမြို့၊ အိမ်အမှတ် (၁၄၃)၊ (လမ်း ၈၀၊ ၂၇x၂၈)ကြားနေ ကျွန်တော် ဦးအောင်ထွန်း (၉/မရမ(ဧည့်)၀၀၀၀၀၉)နှင့် သား ဒေါက်တာ ဇော်ထွန်းလင်း ၉/ခအဇ(ဧည့်)၀၀၀၂၁၆) တို့သည် လွဲမှားသော အကြံပေးချက်များ၊ မှားယွင်းသည့် ထင်မြင်ယူဆချက်များအပေါ်တွင် အခြေတည်၍ ဒေါက်တာ သက်ထားဆွေ၏ ဂုဏ်သရေထိခိုက်ညိုးနွမ်းစေရန် အမှုများဖွင့်လှစ်ဆောင်ရွက်ခဲ့မိခြင်းအပေါ် ဝမ်းနည်းမိပါကြောင်းနှင့် မိမိတို့၏အမှားကို သိရှိ၍ ဒေါက်တာသက်ထားဆွေနှင့် အုပ်ထိန်းသူမိဘများအား ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ ကျေနပ်လောက်အောင်ဝန်ချတောင်းပန်ခဲ့ခြင်းအပေါ် ဒေါက်တာ သက်ထားဆွေမှ ခွင့်လွှတ်ပေးသည့်အတွက် များစွာ ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင်လည်း ထိုကဲ့သို့အမှားမျိုးကို ထပ်မံကျူးလွန်မည် မဟုတ်ကြောင်း ကတိပြုဝန်ခံအပ်ပါသည်။

ဦးအောင်ထွန်း
၉/မရမ(ဧည့်)၀၀၀၀၀၉
ဒေါက်တာ ဇော်ထွန်းလင်း
၉/ခအဇ(ဧည့်)၀၀၀၂၁၆

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရလက (၃) တေဇတပ်ခွဲ(၆၁)မှ ချစ်ကိုနိုင်၏ အိမ်ထောင်စုဇယားတွင်ပါရှိသော ဖခင် ဦးဖိုးဇော်နှင့် မှတ်ပုံတင် (၅/ခဥန(နိုင်)၁၃၇၅၈၃) တွင် ပါရှိသော ဦးဇော် အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

